မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မဲဇာချောင်း(ဒိုးပင်ရွာ)တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် မတ် ၁၂

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)လမ်းပေါ်ရှိ မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် ညနေပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အားပေးပြီး မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်မြို့နယ် မဲဇာချောင်း(ဒိုးပင်ရွာ)တံတားဖွင့်ပွဲ မှတ်တိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောက်လုပ်ရေး အလှူငွေပေးအပ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၊ အလှူငွေလက်ခံ

ရန်ကုန် မတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် သိမ်တော်ကြီးလမ်းရှိ သာသနာပြုကျောင်း ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အလှူတော်ငွေများကို လက်ခံခဲ့သည်။

တက်ရောက်ကြည်ညို

အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊

စာမျက်နှာ ၃ ကော်လံ ၁

အပူချိန်

၁၂-၃-၂၀၀၇

နေပြည်တော်	၂၀ ဒီဂရီစင်တီဂရိတ်
ဟားခါး	၆ ဒီဂရီစင်တီဂရိတ်
ကသာ	၁၁ ဒီဂရီစင်တီဂရိတ်
ပူတာအို	၁၂ ဒီဂရီစင်တီဂရိတ်
ရွှေဘိုမန္တလေး	၁၆ ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၂၀ ဒီဂရီစင်တီဂရိတ်
ချောက်	၂၆ ဒီဂရီစင်တီဂရိတ်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပ။

သတင်းအကျယ်-စာ(၅)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

13-3 (01) 1 3/13/07, 2:04 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၁၃ ရက်)

သတင်းနှင့် ဆက်သွယ်ရေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်

အွန်လိုင်းစာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်ပွဲ အခမ်းအနားကို မတ်လ ၁၁ရက်နေ့တွင် နေပြည်တော်နှင့် ပြည်နယ်၊ တိုင်း အသီးသီးရှိ တက္ကသိုလ်များ၌ တစ်ချိန်တည်း ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် သတင်းအချက်နှင့် e-Government လုပ်ငန်း၏ အခြေခံအဆောက်အအုံ အတွက် အချက်အလက်ဆိုင်ရာဌာနတစ်ခု (Data Center) တည်ဆောက်ခဲ့ပြီး အစိုးရဌာန အချင်းချင်း မြန်နှုန်းမြင့်လိုင်းဖြင့် ချိတ်ဆက်သုံးစွဲနေပြီဖြစ်သည်။ ထိုသို့ တည်ဆောက်ခဲ့သည့် Infrastructure များသည် စကားပြောဆို ဆက်သွယ်နိုင်ရုံသာမက Video, Image စသည့် Data များပါ ဖလှယ်၍ရသည့် ဆက်ကြောင်းများဖြစ်သည်။ ယင်းမှာ IT ကို အသုံးချနိုင်ရန်နှင့် Digital Divide ကွာဟမှုနည်းပါးစေရန် နိုင်ငံတော်က ဦးစီးဆောင်ရွက်နေသည့် လုပ်ငန်းများ ဖြစ်သည်။

ယနေ့ ဖွင့်လှစ်ခဲ့သည့်အချိန်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစာကြည့်တိုက်နှင့် Reference Library စသည်တို့မှ Articles စုစုပေါင်း လေးသန်းခန့်ဖြင့် စတင်မည်ဖြစ်သည်။ ဆက်လက်ပြီး တက္ကသိုလ် ၁၅ခု၌ စာအုပ်ပေါင်း ၃၀၀၀၀၀ ကျော်ကို Digitization ပြုလုပ်ပြီး Contents များအဖြစ် ထပ်မံထည့်သွင်းသွားရန် စီမံဆောင်ရွက်လျက် ရှိသည်။

e-Library စနစ်သည် Knowledge ကို အခြေခံသော Website ဖြစ်ပြီး ခေတ်လူငယ်မှာ Information ကို အခြေခံသည့် Webportal ဖြစ်သည်။ Contents များကို နေ့စဉ် Update ပြုလုပ်ပေးခြင်းဖြင့် ဗဟုသုတနှင့် သတင်းအချက်အလက်များအပြင် ဖျော်ဖြေရေးနှင့် အခြားဝန်ဆောင်မှုများကိုပါ ပေးဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် သတင်းစာ၊ ဂျာနယ်များ ဖတ်ရှုနိုင်မည်သာမက ပညာရေးအတွက် Distance Learning ကိုလည်း အထောက်အကူရရှိစေမည်ဖြစ်သည်။

အလားတူ သင်တန်းဝင်ခွင့်လျှောက်လွှာများကို Online ပေါ်တင်ပေးနိုင်သကဲ့သို့ ဟိုတယ် Reservation နှင့် လေယာဉ်လက်မှတ်များကို Online Booking လုပ်ပြီး ဝယ်ယူနိုင်မည်ဖြစ်သည်။ ပြည်သူများအတွက် လိုအပ်သော သတင်းအချက်အလက်များကို ဖြည့်ဆည်း ပေးနိုင်ရေးအတွက် Home Sweet Home Portal တစ်ခုဖြစ်လာအောင် ဆက်လက် ကြိုးစားသွားမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ သတင်းနှင့်ဆက်သွယ်ရေး ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်လမ်း မာလာမြိုင်ရိပ်သာ ခြံအမှတ်(၅၂၅)၊ အေ–၁ နေ ဦးထွန်းအောင်(၈၀)ပြည့် မွေးနေ့အတွက် သားသမီး တစ်စုတို့က သုံးထပ်ဘိုးဘွားဆောင် အဆောက် အအုံသစ်ကြီး အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်သူလူထုပူးပေါင်းပါဝင်သော ကျန်းမာရေးစနစ်ဖြစ်ထွန်းရေး ကျန်းမာရေးအသိ ပြည့်ဝစွာဖြင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၀ ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ၄၅ လမ်းရှိ ဝိုင်အမ်စီအေခန်းမသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူ များက ရန်ကုန်တိုင်းအတွင်း ခရိုင်နှင့်မြို့နယ်များ၌ နှစ်အလိုက်၊ လအလိုက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ဗိုလ်တထောင်မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ပြည်သူလူထု ပူးပေါင်းပါဝင်သော ကျန်းမာရေးစနစ် ဖြစ်ထွန်း အောင်မြင်စေရေးအတွက် ပြည်သူတစ်ဦးချင်းက ကျန်းမာရေး အသိ ပြည့်ဝစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများကို စနစ်တကျ ဝိုင်းဝန်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးဖျန်းနေမှုနှင့် ကျန်းမာရေး ပညာပေး ဟောပြောမှုတို့ကို လိုက်လံကြည့်ရှု အားပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးအား ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးရှိ ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း (ဝိုင်အမ်ဘီအေ)၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်အတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျန်းမာရေးပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးသည်။

ပူးပေါင်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားသည်။

ကြိုတင်ကာကွယ်

ယင်းနောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မြို့နယ်အတွင်း ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး လမ်းမတော် အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းတစ်လျှောက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃–၃–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားကချစ်လိပ်ပြာ** (အပိုင်း–၁၈)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း–၁၂)

လှူဒါန်း

အမှတ် (၂၄၈)၊ ယင်းမာမြိုင်လမ်း သုဝဏ္ဏနေ ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း)–ဒေါ်မြမြယဉ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က–ပ)

■ ရွှေဖုံးမှ

ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမကျိုက်ပိကျောင်း ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ထို့နောက် အလှူရှင်များဖြစ်ကြသော လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များက ငွေကျပ်သိန်း၅၀တန် သံချောင်းခုနစ်တန်၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ၁၇ သိန်း၊ မြအင်န်စိန်ထရိတ်ဒင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမြမောင်က ငွေကျပ် ၂၂ သိန်း၊ ဦးသန်းလှိုင်ဦး (စည်သွတ်ဘူးလုပ်ငန်းစက်ရုံ)က ငွေကျပ် ၁၅ သိန်း၊ ဦးခင်အောင်-ဒေါ်ခင် မြတ်သူ အမှတ် ၁၂ ရပ်ကွက်က ငွေကျပ် ၁၀သိန်း၊ ဦးပါ-ဒေါ်ကြည်ကြည်ဝင်း (ရဲရင့်ခိုင် ခရီးသည်ပို့ဆောင်ရေး) နှင့် လှိုင်သာယာစက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ်ခုနစ်သိန်းစီ၊ ဦးလှရွှေ-ဒေါ်အေးအေးမော် အမှတ် ၁၂ ရပ်ကွက်က ငွေကျပ် ငါးသိန်း၊ ဒေါ်ကြည်ပြာဦး (ရဲရင့်ခိုင် ခရီးသည်ပို့ဆောင်ရေး)၊ ဦးဇော်မျိုးကျော် (Teak Farm United Wood) နှင့် ဦးကျော်စိုးထွန်း (စိန်ခြသေ့စက်ဘီးအပိုပစ္စည်းစက်ရုံ) တို့က ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးအာပါး(ခ)ဦးထွန်းဝင်း(စံပြရွှေကုမ္ပဏီလီမိတက်)က ငွေကျပ်ခုနစ်သိန်း၊ ဦးကြည်တိုး-ဒေါ်ငွေးရီ (မြန်မာရွှေသရဖူဆောက်လုပ်ရေး)၊ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါဆောက်လုပ်ရေး)၊ ဦးအောင်သန်း-ဒေါ်သန်းတင်(အောင်သန်းဆောက်လုပ်ရေး)၊ ဦးဝင်းမင်းနိုင် (ဝင်းမြန်မာ မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးမျိုးမြင့်ဦး (မိဘဂုဏ်ရည် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးညွန့်ဖုန်း-ဒေါ်ဘေဘီ (ပါကေး ဦးထွန်းမိသားစု)၊ ဒေါ်နန်းသန်းနော်(စက်မှုဇုန် ၅)၊ ဦးပြုံးချို (မြန်မာရွှေမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစိုးဝင်း (စော်ဘွားကြီးနှင့်သားများ အထွေထွေရောင်းဝယ်ရေး) တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးလှငွေး-ဒေါ်အေးမြင့် (မိဘဂုဏ်ရည် ဝါးခနိုဆိုင်)၊ဦးတင်စန်း-ဒေါ်မိုးသီတာ အမှတ် ၁၁ ရပ်ကွက်နှင့် ဦးတက်စံ (ဟောင်သရောနဒီသစ်စက်) တို့က ငွေကျပ် ၁၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့အလှူရှင်များက လှူဒါန်းသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၉၄၇၅၀၀၀ ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မိကာရာမကျိုက်ပိကျောင်း ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ပရိသတ်များသည် ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လှိုင်သာယာစက်မှုဇုန်အပိုင်း(၅) ရွှေရင်အေး ၁ လမ်းရှိ United Wood Industries Co., Ltd. သို့ရောက်ရှိပြီး စက်ရုံအတွင်းရှိ သစ်လုံးခွဲစိတ်မှုမှ သစ်အချောထည်နှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်သည်အထိ လုပ်ငန်းအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးကျော်နှင့် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြမောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါစက်ရုံမှ ထွက်ရှိသော သစ်အချောထည်နှင့် သစ်ပရိဘောဂများကို ဘယ်လ်ဂျီယံ၊ ဟော်လန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်း တင်ပြသည်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် မှာကြားကာ ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ လှိုင်သာယာမြို့နယ် သာသနာပြုကျောင်းဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လူဦးရေနှင့်ပတ်သက်သော ပထဝီသတင်းအချက်အလက်စနစ် သီအိုရီနှင့် ဆော့ဖ်ဝဲလ် အခြေခံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ G.O.S မဏ္ဍိုင်ပြု စွမ်းဆောင်ရည်အဆင့်မြှင့်တင်ရေးစီမံချက်အရ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူဦးရေကို အခြေခံသော ပထဝီဝင်သတင်းအချက်အလက်စနစ်၊ သီအိုရီနှင့် ဆော့ဖ်ဝဲလ်အခြေခံသင်တန်း (Geographic Information System G.I.S Theory and Software Training)ဖွင့်ပွဲကို ရန်ကုန်မြို့ရှိ ပြည်သူ့အင်အားဦးစီးဌာန၌ ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။ သင်တန်းဖွင့်ပွဲသို့ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ UNFPA မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ Myanmar Credent Technology မှ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ သင်တန်းသား ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်လကြာမြင့်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

● ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က လှိုင်သာယာ-အသုတ် (ရေကြည်) 230 KV မဟာဓာတ်အားလိုင်းမှာ စုစုပေါင်း၇၃ မိုင်ဖြစ်ပြီး မြစ်ကျော်ဓာတ်အားလိုင်းမှာ ၁ ဒသမ ၃၆ မိုင်ဖြစ်ကြောင်း၊ တာဝါတိုင်ပေါင်း ၃၁၉ တိုင်ဖြစ်ပြီး ဓာတ်အားလိုင်း အမျိုးအစားမှာ 230 KV Twin Bundle Single Circuit Transmission Line ဖြစ်ကြောင်းဖြင့် ဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကွန်ရက်သဖွယ်

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းတံတားများအား ကွန်ရက်သဖွယ် တည်ဆောက်ပြီးစီးလျက်ရှိသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးနှင့် စက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဓာတ်အားလိုင်းများကို စီမံချက်များချ၍ ကွန်ရက်သဖွယ် တည်ဆောက်နိုင်ခြင်းမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု တည်ဆောက် ပြီးစီးသော 230 KV မဟာဓာတ်အားလိုင်းမှာ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် အထောက်အကူ တစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လက်ခံယူ

ဗိုလ်လောင်းအမှတ်စဉ်(၅၁) လူမှုရေးကူညီမှုအသင်းမှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ဆက်လက်၍ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့သည် ဆက်စပ်လျက်ရှိသော တိုင်းနှစ်တိုင်းဖြစ်ပြီး 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက တိုင်းနှစ်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်လာမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ယခု 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးသဖြင့် မိမိတို့တိုင်းအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အထောက်အကူ တစ်ခုဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ ပြည်သူများအနေဖြင့် အတိုင်းမသိ ဝမ်းသာလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ရွှေမူလီ တပ်ဆင်

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လှိုင်သာယာ-အသုတ် (ရေကြည်) 230 KV မဟာဓာတ်အားလိုင်းနှင့် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်မှုတွင် လုပ်ငန်းဆောင်ရွက်ခဲ့သောဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများပေးအပ်ရာ စီမံကိန်း(တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က လက်ခံသည်။

ယင်းနောက် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု အပြီးသတ် ရွှေမူလီတပ်ဆင်မှုကို ဆက်လက်ကျင်းပရာ တာဝါတိုင်ကြီး၏ အမှတ်(၁)တိုင်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ အမှတ်(၂) တိုင်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၃)တိုင်တွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အမှတ်(၄)တိုင်တွင် မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန်းဦးတို့က သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တာဝါတိုင်များတွင် ရွှေမူလီများကို တစ်ပြိုင်နက် တပ်ဆင်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တိုင်းမှူးများ၊ ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေများအားလည်းကောင်း၊ Spacer များအား Conductor Bicycle စီးနင်း၍ တပ်ဆင်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးကြပြီး ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လှိုင်သာယာ-အသုတ် (ရေကြည်) 230 KV မဟာဓာတ်အားလိုင်းနှင့် 230 KV ဓာတ်အားခွဲရုံမှ ဧရာဝတီတိုင်းအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများ ဆက်သွယ်တည်ဆောက်မည့် အခြေအနေများနှင့် တိုးချဲ့တည်ဆောက်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၅ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားကို မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင် အမှာစကားပြောကြားစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၇

(အင်္ဂါနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဝိပဿနာစာမေးပွဲတရားတော် (အပိုင်း-၂)[အရှင်ဇဝန(မေတ္တာရှင်)]
- ၇း၃၅ ကျန်းမာကြံ့ခိုင်သော သွားကလေးများပိုင်ဆိုင်ရေး သွားကျန်းမာရေးအလေးပေး
- ၇း၄၅ တေးဂီတအစီအစဉ်
- ၇း၅၀ Sunday Talk
- ၈း၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "လန်ဒန်မြေပဲယို"
- ၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၅ Music Gallery(9' Night)
- ၁၀း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၁၅ (၁၀၁)နှစ်မြောက် အထိမ်းအမှတ်သဘင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး အသုံးချအဘိဓမ္မာသင်တန်း (အင်္ဂလိပ်ဘာသာ)
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ [အိပ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါ](အပိုင်း-၁) (ဒေါက်တာစစ်နိုင်)
- ၁၁း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၅၀ တေးဂီတအစီအစဉ်
- ၁၁း၅၅ အထူးအမှန်ကောင်းမည့် ရေလှောင်တမံ "ဖြူးချောင်း"
- ၁၂း၁၅ တေးဂီတအစီအဉ်
- ၁၂း၂၀ ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
- ၁၂း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၅ တေးဂီတအစီအစဉ်
- ၁၂း၅၀ စပျစ်ချိုချို ဝိုင်ချိုချို
- ၁း၀၀ MRTV-4 အပိတ်Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ပန်းပုပြပွဲ၌ ပြသထားသော ကျောက်ဆစ်များဖြင့် ထွင်းထုထားသည့် လိုက်ချီးသီးများကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ရှန်လီရေနံလုပ်ကွက်မှ ရေနံပိုမိုထုတ်ယူနိုင်မည်

ပေကျင်း မတ် ၁၂

တရုတ်နိုင်ငံ၏ ဒုတိယအကြီးမားဆုံးရေနံမြေဖြစ်သည့် ရှန်လီရေနံလုပ်ကွက်မှ ယခုနှစ်တွင် ကမ်းလွန်ရေနံ ထုတ်လုပ်မှုအဖြစ် ရေနံတန်ချိန် ၂၁၁သမ၂၅ သန်းထုတ်လုပ်ရန် မျှော်မှန်းထားရာ ယခင်နှစ်ကထက်တန်ချိန် ၉၂၀၀၀ တိုးတက်လာသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ရေနံနှင့်ဓာတု (စီနိုပက်)၏ ထိန်းချုပ်မှုအောက်တွင် ဖေဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ရှန်တုန်ပြည်နယ် အရှေ့ဘက်ကမ်းလွန်ရှိ ဘိုဟိုင်းရေနံမြေတွင်လည်း ရေနံများ ရှာဖွေတွေ့ရှိထားသည်။

ပိုမိုအားပြု

တရုတ်နိုင်ငံ၏ စီနိုပက် အနေဖြင့် ကမ်းလွန်ရေနံလုပ်ကွက်များမှ ရေနံများ ပိုမိုထုတ်လုပ်နိုင်ရေးကို ပိုမိုအားပြုထုတ်လုပ်သွားမည်ဖြစ်သည်။ ထိုသို့ ကမ်းလွန်ရေနံလုပ်ကွက်များမှ ရေနံပိုမိုထုတ်ယူမည့် ပမာဏကိုမူ စီနိုပက်က သတင်းထုတ်ပြန်မှု မရှိချေ။ ရှန်လီရေနံလုပ်ကွက်တွင် ရေနံအရန်ပမာဏတန်ချိန် ၁ဒသမ ၂ဘီလီယံခန့်ရှိနေကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန် တောင်ပိုင်း၌ ဗုံးကွဲ ငါးဦးဒဏ်ရာရရှိခဲ့

ကဘူးလ် မတ် ၁၂

အာဖဂန်နစ္စတန် တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် မတ်၉ရက်က နေတိုးဦးဆောင်သည့် နိုင်ငံတကာ လုံခြုံရေးအကူတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ကို ပစ်မှတ်ထား တိုက်ခိုက်သည့် အသေခံဗုံးခွဲမှုတွင် ငါးဦးဒဏ်ရာရခဲ့ကြောင်း ပြည်နယ် အုပ်ချုပ်ရေး အကြီးအကဲ အက်စ်မာတူးလ်လက်ချ်အလီဇိုင်က ဆင်ဟွာသို့ ပြောကြားသည်။

ဖြစ်ပွား

ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ယင်းပြည်နယ်၏ မြို့တော် ကန်ဒါဟာမြို့တွင် ဖြစ်ပွားခဲ့ပြီး အိုင်အက်စ်အေအက်ဖ်အဖွဲ့ဘက်မှ အသေအပျောက် မရှိကြောင်း ၎င်းကပြောကြားသည်။

တိုက်ခိုက်ခံရ

အရပ်သားကား နှစ်စီးပျက်စီးသွားပြီး ယင်းတပ်ဖွဲ့မှ ယာဉ်တစ်စီး အနည်းငယ်ပျက်စီးကာ ဆိုင်နစ်ဆိုင်မီးလောင်ခဲ့ကြောင်း၊ တိုက်ခိုက်ခံရသူတပ်ဖွဲ့ဝင်များမှာ ကနေဒါလူမျိုးများဖြစ်ကြောင်း အဆိုပါအခင်းဖြစ်ပွားရာ အရပ်တွင်ရှိသော ဆင်ဟွာသတင်းထောက်တစ်ဦးက ထုတ်ဖော် ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရေနံတူးဖော်

စင်ကာပူနိုင်ငံမှ ရေနံတူးဖော်ရေး လုပ်ငန်းခွင်တစ်နေရာကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့်ဆီးရီးယား ကာကွယ်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မည်

ဒမတ်စကတ် မတ် ၁၂

နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ကြရန် ဆီးရီးယားကာကွယ်ရေးဝန်ကြီး ဟာဆင်တက်မာနီနှင့် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်နိုင်ငံခြားရေးဝန်ကြီး မိုစတာဖာမိုဟာမက်နာဂျာတို့ မတ် ၁၀ ရက်က တွေ့ဆုံကာ ဆွေးနွေးခဲ့ကြသည်။

ဖော်ပြ

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး အရှေ့အလယ်ပိုင်းဒေသတွင် နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ဆက်လက်တိုးတက်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

လက်မှတ်ရေးထိုး

ထို့အပြင် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုအသစ်များကိုလည်း ပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြသည်။ မကြာမီကာလအတွင်း သဘောတူစာချုပ်သစ်များ လက်မှတ်ရေးထိုးနိုင်မည် ဖြစ်သည်။

အီရန်နှင့် ဆီးရီးယားနှစ်နိုင်ငံတို့သည် ၁၉၈၀ပြည့်နှစ်ကတည်းကပင် နီးနီးကပ်ကပ်ဆက်ဆံရေးထူထောင်ခဲ့ကြသော နိုင်ငံများလည်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာရှဖြတ်ကျော် မီးရထားလမ်းဖောက်ရန် အိန္ဒိယခွင့်ပြု

နယူးဒေလီ မတ် ၁၂

အာရှနှင့် ဥရောပကို ဖြတ်သန်းမည့် အဓိကအစိတ်အပိုင်းဖြစ်သော အာရှဖြတ်ကျော် မီးရထားလမ်းတွင် အိန္ဒိယနိုင်ငံကိုဖြတ်ပြီး ဆက်သွယ်ဆောင်ရွက်ခွင့်ကို အိန္ဒိယအစိုးရက လက်မှတ်ရေးထိုးရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ်၌ မြေငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် လမ်းမပေါ်၌ အက်ကွဲပျက်စီးနေသည်ကို မတ် ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာရှဖြတ်ကျော်မီးရထားလမ်း စီမံကိန်းနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးမှုကို အိန္ဒိယအစိုးရက သဘောတူခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အိန္ဒိယပြန်ကြားရေးနှင့် အသံလွှင့်လုပ်ငန်းဆိုင်ရာဝန်ကြီး ပီအာဒက်စ်မွန်စီက မတ် ၉ရက်၌ ပြောကြားသည်။

သဘောတူ

အိန္ဒိယအစိုးရအနေဖြင့် အာရှဖြတ်ကျော် မီးရထားလမ်း စီမံကိန်း အောင်မြင်စေရေးအတွက် သဘောတူညီချက်ပေးခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါမီးရထားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပါက သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ၊ အာရှနိုင်ငံများတွင် တိုးတက်လာမည်ဖြစ်သည်။

ပူးပေါင်းညှိနှိုင်း

အာရှဖြတ်ကျော် မီးရထားလမ်း ဖောက်လုပ်ရေး တိုးတက်မှုများရရှိရန် အရေးကြီးကြောင်း၊ သဘောတူညီမှုများရရှိပြီး ပူးပေါင်းညှိနှိုင်းမှုများပြုလုပ်သွားနိုင်တော့မည်ဖြစ်ကြောင်း ပီအာဒက်စ်မွန်စီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်ကျောက်မီးသွေးတွင်း ရေကြီး

လျောင်နင်း မတ် ၁၂

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်တွင်း မတ် ၁၀ ရက် ညပိုင်းက ရေကြီးမှုကြုံတွေ့ခဲ့ရာ ၂၂ ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ကို မတ် ၁၁ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အဆိုပါရေကြီးမှုမှာ ယင်းပြည်နယ်၏ မြို့တော်ရှန်ယန်းမြို့ အရှေ့ဘက် အဓိကစက်မှုမြို့ဖြစ်သော ဖူရှန်း၌ ဒေသစံတော်ချိန် ည ၈ နာရီ ၄၄ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

လေထုညစ်ညမ်းခြင်းကြောင့် ရာသီဥတုပြောင်းလဲမှု ခန့်မှန်းထားသည်ထက် ပိုမိုဆိုးရွား

လန်ဒန် မတ် ၁၂

အာရှတိုက်၏ စက်မှုလုပ်ငန်းကြောင့် လေထုညစ်ညမ်းမှုဖြစ်ကာ ကမ္ဘာ့ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုမှာ ယခင်ခန့်မှန်းထားသည်ထက် ပိုမိုကြီးမားဆိုးရွားကြောင်း သုတေသနတွေ့ရှိချက်က ဖော်ပြနေသည်။

ထိန်းချုပ်ရေး

အာရှကျပ်ခိုးမြူများက ပစိဖိတ်ဒေသအတွင်း မုန်တိုင်းများ ဖြစ်ပေါ်မှုကို အားပေးကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိသည်။ ထို့ပြင် ကမ္ဘာ့ရာသီဥတုထိန်းချုပ်ရေးတွင် အဓိကအခန်းမှ ပါဝင်သည့် တိမ်တိုက်ကြီးများဖြစ်ပေါ်မှုကိုလည်း အားပေးကြောင်း တွေ့ရသည်။

ပေါ်ပေါက်

ဖုန်၊ ကျပ်ခိုးနှင့် ဆာလ်ဖာ(ကန့်) ပါဝင်သော အမှုန့်လေးများ ထုတ်လွှတ်မှုတွင် ဥရောပနှင့် မြောက်အမေရိကတို့က လျော့နည်းသွားစဉ် အာရှတိုက်က ပိုမိုထုတ်လွှတ်လာသည်ကို တွေ့ရသည်။ အာရှတွင် စက်မှုလုပ်ငန်း အမြန်တိုးတက်မှုကြောင့် လေထုညစ်ညမ်းသည့် မြူများပေါ်ပေါက်စေသည်။

ဆာလ်ဖာ(ကန့်)ထုတ်လွှတ်မှုလည်း လွန်ခဲ့သည့် ဆယ်နှစ်ကထက် သုံးပုံတစ်ပုံ ပိုများလာသည်။

(အင်တာနက်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရမည်းသင်းနှင့် တပ်ကုန်းမြို့နယ်၌ မွေးမြူရေးဇုန်များကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အလယ်ကုန်းကျေးရွာနှင့် နဘူးကျင်းကျေးရွာ မွေးမြူရေးဇုန်(၅) ဖော်ထုတ်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညွှန်ကြားပေါင်းစပ်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အလယ်ကုန်းကျေးရွာရှိ နွားထိုးဆည်မှ ရေရရှိနိုင်မည့် အခြေအနေများကို လည်းကောင်း၊ အလယ်ကွင်းရှိ မွေးမြူရေးဇုန် ဖော်ထုတ်နိုင်မည့် မြေနေရာများကိုလည်းကောင်း၊ ဝွေးတောက်ဆည်မှ ရေရရှိနိုင်မည့် အခြေအနေများကို လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို ညွှန်ကြားပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နဘူးကျင်း ရန်ကင်းတောရကျောင်း ဆရာတော်ဘဒ္ဒန္တ ဇာဂရိယအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် နဘူးကျင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ အမှတ်(၁) မွေးမြူရေးဇုန်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) နို့စားနွားမွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သွားရောက်အားပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၁)ရှိ ဦးကျင်စု၏ ဆိတ်မွေးမြူရေးခြံ၊ ဦးလှိုင်ငွေး၏ ဆိတ်မွေးမြူရေးခြံနှင့် ဦးနေလင်းအောင် (မျိုးကြီး) ဆိတ်မွေးမြူရေးခြံတို့ကို သွားရောက်အားပေးကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်(၂)ရှိ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ဆိတ်မွေးမြူရေးခြံနှင့် နို့စားနွားမွေးမြူရေးခြံတို့ကို သွားရောက် အားပေးကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် Media Star (MS) ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းရွှေ အလှူငွေ ကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေပေးအပ်

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Media Star (MS) ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းရွှေက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တစတိလ ဆရာတော်၏ ဝိဇာတမင်္ဂလာနှင့် အဂ္ဂမဟာပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းရာတွင် **“အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ”** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀ မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ဘဒ္ဒန္တစတိလ ဆရာတော်၏ အဂ္ဂမဟာ ပူဇာသဘင်နှင့် သက်တော် (၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ ပြည့်မြောက် ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာပူဇော်ပွဲကို မတ် ၁၈ ရက်တွင် အဆိုပါ အောင်စေတီ သာသနာ့ဗိမာန်ကျောင်း၌ နံနက် ၈ နာရီခွဲတွင် ကျင်းပမည် ဖြစ်သည်။ ယင်းနေ့ နံနက် ၈ နာရီတွင် သိက္ခာထပ်၊ သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မှာကြား

ရန်ကုန် မတ် ၁၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မတ် ၁၀ ရက် နံနက်ပိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေသို့ သွားရောက်၍ ရေနံမြေ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများအား တွေ့ဆုံကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဧရာဝတီမြစ်ကြမ်းပြင် မြေသားအောက်မှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်ဆက်သွယ်နေသော ဆိပ်သာမြစ်ဖြတ်ပိုက်လိုင်းတူးဖော်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ဆိပ်သာကျေးရွာမှ မြစ်အရှေ့ဘက်ကမ်းရှိ တရုတ်မော်ကျေးရွာသို့ ပထမပိုက်လမ်းကြောင်း အောင်မြင်စွာ ဖောက်လုပ်နိုင်မှု အခြေအနေများနှင့် ဆက်လက်၍ တွင်းပေါက်ချဲ့ထွင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက လုပ်ငန်းအောင်မြင်မှုရရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ပ အတတ်ပညာရှင်များအား ဂုဏ်ပြုစကားပြောကြားပြီး ခေတ်မီနည်းပညာများ၊ စက်ပစ္စည်းများကို မိမိတို့ဝန်ထမ်းများက ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေး အတွက် ရရှိနေသော အခွင့်အရေးများ၊ အတွေ့အကြုံများကို ထိထိရောက်ရောက် လေ့လာဆည်းပူးသွားရန် ဆွေးနွေးမှာကြားသည်။

အသုံးပြုနိုင်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် Horizontal Directional Drilling (HDD)စက်ဖြင့် ပိုက်လိုင်းတူးဖောက်ဆက်သွယ်ခြင်းလုပ်ငန်းကို ဒုတိယအကြိမ်မြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီးဖြစ်ရာ အခြားသော မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်မှုလုပ်ငန်းများကိုလည်း HDD စက်အသုံးပြု၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာများကိုယ်တိုင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် မြစ်ဖြတ်ပိုက်လိုင်းများ ရေစီးနှုန်းကြောင့် ကျိုးပြတ်ခြင်း မရှိတော့ဘဲ ပိုမိုလုံခြုံစိတ်ချစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ သောင်းမြင့်၊ လုပ်ငန်းကော်မတီဝင် ဦးဘဟန်၊ အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ မောင်မောင်ဝင့်၊ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်၊ ဦးမောင်ကြီး၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးကံညွန့်၊ ဦးကျော်ဝင်းထွန်း၊ ဦးတင်ခ နှင့် ဒေါက်တာမနန်းတူးဂျာတို့ တက်ရောက်ကြပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ အထောက်အကူပြု ရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အတွင်းရေးမှူး ဦးသောင်းညွန့်က အမှာစကားပြောကြားရာတွင် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ယင်းရှင်းလင်းပြောကြားချက်များအပေါ် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က အကြံပြုချက်စာတမ်းများကို စုံညီအစည်းအဝေးသို့ တင်သွင်းခဲ့ပါကြောင်း၊ ယင်းစာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က လေ့လာစိစစ်ပြီး တွေ့ရှိချက်များကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် စာတမ်းများ ရေးသားပြုစုရန်အတွက် ယခုအစည်းအဝေးခေါ်ယူရခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာတွင် အထောက်အကူပြုနိုင်ရေးအတွက် လုပ်ငန်း ကော်မတီရုံးက အထောက်အကူပြုရုံးအဖွဲ့ကို တွဲဖက်ပေးထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ရေးသားပြုစု

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားပြီးနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော အကြံပြုချက်စာတမ်းများအပေါ် လေ့လာစိစစ်၍ တွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့် အခါတင်ပြနိုင်ရန် စာတမ်းများရေးသား ပြုစုကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်မှာကြား

နေပြည်တော် မတ် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၀၇) သင်တန်းသို့ တက်ရောက်ကြသည့် သင်တန်းသားများက ဝန်ကြီးအား တစ်ဦးချင်း သတင်းပို့မိတ်ဆက်ကြသည်။

တာဝန်သိသိ သစ္စာရှိရှိ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာပညာရပ်များကို အလေးအနက်ထား လေ့လာသွားကြရန် လိုအပ်ကြောင်း၊ သင်တန်းမှ လေ့လာသင်ကြားပေးလိုက်သည့် ဘာသာရပ်များကို အသုံးချကာ ထိရောက်ထက်မြက်ရှင်းလင်းသည့် ဘဏ္ဍာရေးနှင့် အခွန်စနစ်များ၊ ချိုသာပြေပြစ်သည့် ပြောဆိုဆက်ဆံမှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း၊ တာဝန်နှင့် ရပိုင်ခွင့်များဖြင့် ကိုယ်ကျိုးရှာဖွေခြင်းမပြုသော၊ ပြည်သူများ ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ရိုးဖြောင့်မှန်ကန်သော စိတ်ထားဖြင့် နိုင်ငံတော်ကို တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း စသဖြင့် အကျယ်တဝင့် မှာကြားသည်။

လေးပတ်ကြာ သင်ကြားကြမည်

အဆိုပါ ရုံးလုပ်ငန်း ကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၇) တွင် သင်တန်းသား ၅၈ဦးသည် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းများကို ရက်သတ္တလေးပတ်ကြာ သင်ကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများတွင် မီးသတိပြုရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ အရေးပေါ်မီးငြိမ်းသတ်ရေးတို့အတွက် မီးသတ်ဦးစီးဌာန၏ အကြံပြုသဘောထားများ အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အကြံပြု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများနှင့် စောင်းတန်းလေးသွယ်ရှိ အဆောက်အအုံများ၏ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးမှုနှင့် ကြီးကြပ်မှုများ၊ မီးလှန့်အချက်ပေးကိရိယာ၊ မီးသတ်ဆေးဘူးနှင့် မီးဘေးကာကွယ်ရေးပစ္စည်းကိရိယာများတပ်ဆင်ထားမှု၊ မီးသတ်စက်၊ မြေပေါ်၊ မြေအောက်ရေပိုက်ခေါင်းများ၏ ရေရရှိမှုအခြေအနေတို့ကို အကြံပြုဆွေးနွေးပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ဦးမင်းထွဋ်၊ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုသဘောထားများ ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သကြၤန်တွင်း တရားစခန်း

ရန်ကုန် မတ် ၁၂

ကျေးဇူးရှင် ညောင်ကန်အေးသာသနာ့ရိပ်သာဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ ကုန္ဒက အရှင်မြတ်၏ ဩဝါဒတော်အရအင်းစိန်မြို့နယ် မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြၤန်အခါ ဝိပဿနာ အထူးတရားအားထုတ်ပွဲ ၁၅ ရက် တရားစခန်းကို ဧပြီ ၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် စေတနာရှင်များ ဖုန်း–၆၄၂၂၁၉သို့ဖြစ်စေ၊ လူကိုယ်တိုင် လာရောက်ဆက်သွယ်နိုင်သည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက် – ကျန်းမာရေး

သစ်သီးပိုးများမှထွက်သော ဓာတ်တစ်မျိုး အသည်းရောဂါနှင့် ဆီးချိုရောဂါများကို ကုသနိုင်

လူသိနည်းသော သစ်သီးများမှဖြစ်ပေါ်သော ပိုးကောင်တစ်မျိုးမှ ထွက်ရှိသည့် ဓာတ်တစ်မျိုးသည် လူတို့တွင် ဖြစ်ပွားတတ်သော အသည်းရောဂါနှင့် ဆီးချိုရောဂါများအား ကုသရာ၌ ထိရောက်သည့်ဆေးတစ်မျိုးအား ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

တွေ့ရှိ

အဆိုပါပိုးကောင်များမှထွက်သော ဓာတ်တစ်မျိုးမှာ လူ့ခန္ဓာကိုယ်အတွင်း သွေးများကို သန့်ရှင်းမှု ဖြစ်စေပြီး အသည်းရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွားစေသော ဆဲလ်များကို ဖျက်ဆီးပစ်နိုင်ကြောင်း သုတေသနပညာရှင်များက တွေ့ရှိထားသည်ဟု ဆိုသည်။

အသုံးပြုသင့်

ထို့အပြင် အခြားရောဂါများ ဖြစ်ပွားမှုကိုလည်း လျော့နည်းကျဆင်းနေသဖြင့် ဆေးဝါးများ ဖော်ထုတ်ရာတွင် ထည့်သွင်းအသုံးပြုသင့်ကြောင်း ဗြိတိန်သုတေသနပညာရှင် ဒေါက်တာအဲလက်ဂိုလ်က ပြောကြားသည်။ **(ကိုးကား–အင်တာနက်)**



သွားတိုက်ရာ၌ လက်နှင့်ဦးခေါင်း လှုပ်ရှားမှုများပါက ဦးနှောက်အစိတ်အပိုင်းများ ပျက်စီးပြီး လေဖြတ်နိုင်

လူတိုင်းအနေဖြင့် သွားတိုက်ခြင်းသည် လေဖြတ်ခြင်းနှင့် ဝက်ရူးပြန်ရောဂါကဲ့သို့သော ဝေဒနာများခံစားရမှုနှင့် ဆက်စပ်မှုရှိကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

လှုပ်ရှား

သွားတိုက်ချိန်သည် လေဖြတ်ခြင်းနှင့် ဝက်ရူးပြန်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သွားတိုက်ချိန်၌ သွားပွတ်တံကို ကိုင်ထားသောလက်နှင့်အတူ ဦးခေါင်းပိုင်းကလည်း လှုပ်ရှားနေရ၍ဖြစ်ကြောင်း၊ ထိုသို့ ဦးခေါင်းပိုင်းလှုပ်ရှားချိန်တွင် ဦးနှောက်အတွင်း အချို့အစိတ်အပိုင်းများ ပျက်စီးမှုဖြစ်ပေါ်တတ်၍ ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပျက်စီးခဲ့

သွားတိုက်ချိန်၌ လေဖြတ်ခြင်းခံရသူနှင့် ဝက်ရူးပြန်ဝေဒနာခံစားနေရသူသုံးဦးတို့၏ ဦးနှောက်ဓာတ်မှန်များကို ကြည့်ရှုစစ်ဆေးခဲ့ရာတွင် သွားတိုက်မှုကြောင့် ဦးနှောက်အစိတ်အပိုင်းအချို့ ပျက်စီးခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ပုံမှန်ဖြစ်သင့်

ထို့ကြောင့် သွားတိုက်သည့် လက်၏လှုပ်ရှားမှုသည် ညင်သာစွာ ပုံမှန်လှုပ်ရှားသင့်ပြီး အတတ်နိုင်ဆုံး ဦးခေါင်းကို မလှုပ်ရှားအောင် နေသင့်ကြောင်း၊ လွန်ကဲစွာလက်လှုပ်ပြီး သွားမတိုက်သင့်ကြောင်း သုတေသနပညာရှင် ဒေါက်တာဝမ်ဒေဒီဆောတေက သတိပေးပြောကြားသည်။

(ကိုးကား–အင်တာနက်)

ကြံသည် စနစ်တကျစိုက်ပျိုးလျှင် အကျိုးကျေးဇူးများသည့်သီးနှံဖြစ် တစ်ဧကဝင်ဆံ့သည့် အပင်အရေအတွက်အတိုင်း စနစ်တကျစိုက်ပျိုး ပင်ပွားများသန့်စွမ်းပါမှ အထွက်ကောင်းမည်ဖြစ်သဖြင့် အမြဲဂရုပြုဆောင်ရွက်

နေပြည်တော် မတ် ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်သည် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်အတူ မတ်၉ရက် မွန်းလွဲပိုင်းက တပ်ကုန်းမြို့နယ်မြေခံတပ်နယ်ရှိ ဆင်းရွှေလီကြံ စံပြစမ်းသပ်စိုက်ကွင်းသို့ သွားရောက်၍ ရှင်းလင်းဆောင်၌ နယ်မြေခံ တပ်ရင်းမှူးက ဆင်းရွှေလီကြံ၏ ထူးခြားချက်များ၊ စံပြစမ်းသပ်စိုက်ကွင်း တိုးတက်မှုအခြေအနေများနှင့် တိုးချဲ့စိုက်ပျိုးမည့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ကြီးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက ရှင်းလင်းချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ်အတွင်း၌ ကြံစိုက်ဧက ၄၀၀၀၀ လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က စိုက်ပျိုးရေးဓာတ်မြေသြဇာအိတ်များကို နယ်မြေခံ တပ်ရင်းမှူးထံ ထောက်ပံ့ပေးအပ်ပြီး စံပြစမ်းသပ်စိုက်ကွင်း၌ လုပ်ငန်းဆောင်ရွက်နေသည့် စစ်သည်များအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်က ကြံသည် စနစ်တကျ စိုက်ပျိုးလျှင် အကျိုးကျေးဇူးများစွာ ရရှိသည့်သီးနှံဖြစ်သည့်အတွက် ဂရုတစိုက် ထိန်းသိမ်း စိုက်ပျိုးရန်လိုကြောင်း၊ ပိုးကျလျှင် ကြီးကြီးမားမား ဆုံးရှုံးတတ်သည့်အတွက် တစ်ဧကဝင်ဆံ့သည့် အပင်အရေအတွက်အတိုင်း စနစ်တကျ စိုက်ပျိုးရန်နှင့် ပင်ပွားများပါ ကြီးမားသန်စွမ်းပါမှ အထွက်ကောင်းမည် ဖြစ်သည့်အတွက် အမြဲဂရုပြုကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့် တိုက်တွန်းပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဆင်းရွှေလီကြံ စံပြစမ်းသပ်စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး**(ဓါတ်ပုံ)**ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် မတ် ၁၂

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အကြိမ်(၅၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယမန်နေ့ ညနေ၄နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

လျှောက်ထား

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်ကအခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ ပုဇွန်တောင်မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ပညာလင်္ကာရကျောင်း ဆရာတော် ဘဒ္ဒန္တဖြဟ္မသီရိ ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

လောင်းလှူ

ယင်းနောက်ဗုဒ္ဓမြတ်စွာဘုရားအား အမှူးထား၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၅၄ ပါးနှင့် သီလရှင်၄၅ပါး စုစုပေါင်း အပါး ၂၀၀တို့သည် ရွှေဘုန်းပွင့်စေတီတော် အရှေ့ဘက် မုခ်ဦးမှစတင်၍ ပုဇွန်တောင်မြို့နယ်အတွင်း သတ်မှတ်ထားသည့် လမ်းများတစ်လျှောက် ဆွမ်းဆန်စိမ်းအလှူခံ ကြွရောက်တော်မူကြရာ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ရပ်ကွက်ပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏(၁၆)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးနှင့်အတူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မတ် ၁၀ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Towerမင်္ဂလာခန်းမ၌ ကျင်းပရာ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဆွေးနွေးကြသည်။

ယမန်နေ့နံနက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့်ဒေသတွင်း ယှဉ်ပြိုင်နိုင်မှုကဏ္ဍ၊ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍနှင့် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိ စေတီ ထီးတော်တင်

ရန်ကုန် မတ် ၁၂

အင်းစိန်မြို့နယ် ဘိုကုန်းရပ်ကွက် ဇေယျာသိဒ္ဓိ(မဟာသံ့သာရာဘုရား) ကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဇေယျာသိဒ္ဓိကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်မြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ဗိုလ်မှူးကြီးတင်ရိန်(ငြိမ်း)နှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဇေယျာသိဒ္ဓိကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက စိန်ဖူးတော်နှင့်တကွ ရွှေထီးတော်ဘုံအဆင့်ဆင့်ကိုတင်လှူပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ကြောင်း သိရသည်။

(က-ပ)

ရန်ကင်းမြို့နယ် အလက(၂)၏ ၂၀၀၆-၂၀၀၇ခုနှစ် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ်၁၀ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦးက မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် KV 230 မဟာဓာတ်အားလိုင်း လှိုင်သာယာ-ရေကြည်(အသုတ်) တည်ဆောက်လျက်ရှိသော ပန်းတနော်ခရိုင် ကဇင်းတောကျေးရွာအနီး တာဝါတိုင်အမှတ်(၁၄၃) လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ကြိုးတင်ဆောင် ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်နှင့်ဧရာဝတီတိုင်းများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရန်ရည်ရွယ် Twin Bundle Single Circuit Transmision Line အမျိုးအစား KV230 မဟာဓာတ်အားလိုင်း တည်ဆောက်

ရန်ကုန် မတ် ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၁၀ရက်က တာဝန်ရှိသူများလိုက်ပါလျက် KV230 မဟာဓာတ်အားလိုင်း လှိုင်သာယာ-ရေကြည်(အသုတ်) တည်ဆောက်လျက်ရှိသော ဧရာဝတီတိုင်း ပန်းတနော်ခရိုင် ကဇင်းတောကျေးရွာအနီး တာဝါတိုင်အမှတ် (၁၄၃)နှင့် (၁၄၅)တို့အား ဓာတ်အားလိုင်းကြိုး ACSR 605 MCM အသုံးပြုလျက် Twin Bundle Single Circuit မဟာဓာတ်အားလိုင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်ကျော် (ကဇင်းတော) ဓာတ်အားလိုင်း ၁ ဒသမ ၃၆ မိုင်အား ဓာတ်အားလိုင်းကြိုးဆွဲရာတွင် ဧရာဝတီမြစ်အတွင်း သင်္ဘောများအသုံးပြုလျက် ဆောင်ရွက်နေမှု၊ အထက်ကဇင်းတောကျေးရွာတွင် Puller Machine များအသုံးပြု၍ မဟာဓာတ်အားလိုင်းကြိုးများ တည်ဆောက်နေမှုနှင့် တာဝါတိုင်များပေါ်တွင် Vibration Damper များအား လျှပ်စစ်ကျွမ်းကျင်လုပ်သားများကတပ်ဆင်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် လုပ်ကိုင်ဆောင်ရွက်သွားစေလိုကြောင်း၊ ယခု တည်ဆောက်လျက်ရှိသော KV230 မဟာဓာတ်အားလိုင်းမှာ Twin Bundle Single Circuit Transmision Line အမျိုးအစားဖြစ်ပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရန် ရည်ရွယ်တည်ဆောက်လျက်ရှိသော ဓာတ်အားလိုင်းဖြစ်၍ အချိန်မီ ပြီးစီးအောင် ကြိုးစားဆောင်ရွက်သွား စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ တင်ဒါအဆိုပြုလွှာများဖြည့်သွင်းနေမှု၊တင်ဒါပုံးများ အတွင်းထည့်သွင်းနေမှုနှင့် ကျောက်စိမ်းအတွဲများကိုကြည့်ရှုစစ်ဆေးနေကြသည့် ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဝယ်ယူ

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီမှ ညနေ ၃ နာရီ ၄၅ မိနစ် အထိ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ကျောက်မျက်အတွဲပေါင်း ၄၇ တွဲကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ဆက်လက်ရောင်းချ

ကျောက်စိမ်းအတွဲများကို မတ် ၁၃ ရက်မှ ၂၀ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၁၃၀၅ ဦးနှင့်ပြည်ပရတနာကုန်သည် ၂၀၀၃ဦး စုစုပေါင်းရတနာကုန်သည် ၃၃၀၈ ဦး လာရောက်၍ ဝယ်ယူလျက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ဓညဝတီသာသနာပြုကျောင်းတိုက် ဓမ္မာရုံသစ်၌ ပြာသာဒ်ဘုံဆင့် အတွက် (အငြိမ်းစား စက်ရှင်မင်းကြီး ဦးမောင်မောင်ခင်နှင့် ဇနီး ဒေါ်သိန်းလှ) တို့အား ရည်စူး၍ သံအမတ်ကြီး ဦးရွှေဖံအောင်နှင့် ဇနီး ဒေါ် တင် လေး ဖံ၊ ဦးကျော်စိန်နှင့် ဇနီး ဒေါ်နုနုခင်မိသားစု၊ ဦးထွန်းမင်းဦးနှင့် ဇနီး ဒေါ်ခင်နန္ဒာစိန်မိသားစုတို့က အလှူငွေကျပ် ဆယ်သိန်းကို လည်းကောင်း၊ ဦးမောင်ဝင်းအား ရည်စူး၍ ဇနီး ဒေါ်မြမြခင်မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း ဓညဝတီသာသနာပြု ပဓာန နာယကဆရာတော် ဦးဉာဏဝံသအား အမှူးထား၍ လှူဒါန်းရာ ဓညဝတီဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သာလုက လက်ခံယူစဉ်။ (က-ပ)

✻ ကျောဖုံးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် ယုံကြည်ချက်၊ ခံယူချက်၊ မှန်ကန်ခိုင်မာပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်၊ လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် အသင်းကြီး၏ စည်းလုံးညီညွတ်သည့်အားဖြင့် နိုင်ငံ၏ ဒေသအသီးသီး၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရင်း လူထုတစ်ရပ်လုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြုနေကြရမည်ဖြစ်ကြောင်း။

တည်ဆောက်နေ

(၁၃)နှစ်တာ သက်တမ်းရှိပြီဖြစ်သည့် အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သော ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို ကြွေးကြော်ပြီး အာဏာကိုဖြတ်လမ်းကရယူလိုသည့် လူပုဂ္ဂိုလ်များနှင့် ပါတီအဖွဲ့အစည်းအချို့၏ ဖန်တီးမှုများကြောင့် ပေါ်ပေါက်လာခဲ့ရသည့် စည်းမဲ့၊ ကမ်းမဲ့၊ ဥပဒေမဲ့၊ မင်းမဲ့စရိုက်များကြောင့် ပျက်ပြားခဲ့ရသည့် တည်ငြိမ်အေးချမ်းမှု၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင် တည်ဆောက်နေချိန်ဖြစ်သည်ဆိုသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

နားလည်ခံယူ

ပြည်သူတွေလိုလားသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး၌ ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာအောင် ရှင်းလင်းစည်းရုံးရေးသည် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်မှုအခြေအနေအရ အမှန်တကယ် လိုအပ်ချက်ဖြစ်လာခဲ့ကြောင်း၊ နိုင်ငံတော်သစ် ထူထောင်ရေးအတွက် သမိုင်းကပေးလာသည့် လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ မွန်မြတ်သည့်ရည်ရွယ်ချက်များ၊ ချမှတ်ထားသည့် အခြေခံမူများ၊ သဘောထားအမြင်များ၊ နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆက်စပ်နေသည့် သမိုင်းကြောင်းအခြေအနေများ၊ နိုင်ငံတကာ အခြေအနေများကို မှန်ကန်စွာ ဆက်စပ်သုံးသပ်ပြီး အသင်းကြီး၏ သမိုင်းရေးလိုအပ်ချက်အရ ပါဝင်ဆောင်ရွက်နေမှုများအပေါ် ပိုမိုသိမြင်နားလည်ခံယူကြရမည်ဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူဖွယ်

အသင်းဝင်များ၏ စုစည်းညီညွတ်သည့်အားကို ပြည်သူများ အကျိုးအတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့်အချိန်ကစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် စီမံမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် အမျိုးသားရေးအင်အားစုအဖြစ် ထာဝရရပ်တည်ပြီး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ရေ့လုပ်ငန်းစဉ်များချမှတ်ပြီး တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အသင်းကြီး၏ ပြည်သူ့အကျိုးအတွက် ရေးရှုချမှတ်ထားသည်နှင့် လုပ်ငန်းစဉ်များအပေါ် ခိုင်မာစွာအခြေပြုပြီး နိုင်ငံတော်၏ ဒေသအသီးသီး၊ နယ်ပယ်အသီးသီး၌ အကျိုးရှိသည့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြသည့်အတွက် နယ်မြေလူထု၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် ၂၄ သန်းရှိနေပြီဖြစ်သည့် အသင်းဝင်များသည် ယုံကြည်ချက်၊ ခံယူချက်၊ ဦးတည်ချက်တူညီသည့် အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပြီး တိုင်းကျိုးပြည်ပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

လေ့ကျင့်

တိုးတက်များပြားလာသည့်အသင်းဝင်များအနေဖြင့် မိမိတို့၏နယ်မြေ၌ ရှိသည့် ပြည်သူများ၏ အကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ရန် ထိုက်သင့်သည့် အရည်အချင်းများရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အသင်းဝင်များကို အရည်အချင်းပြည့်ဝသည့် အရေအတွက်များဖြစ်လာစေရန် လေ့ကျင့်မှုများကို ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်

မျက်မှောက်ကာလသည် ပြည်သူများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ ခေတ်သစ်၊ စနစ်သစ်ကို အစီအစဉ်ရှိရှိဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်နေသည့် ကာလဖြစ်ကြောင်း၊ ခေတ်ဟောင်း စနစ်ဟောင်းကနေ ခေတ်သစ်၊ စနစ်သစ်ကို ညင်သာစွာ ကူးပြောင်းနိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်ပိုင်စွမ်းအားဖြင့် ချမှတ်ဆောင်ရွက်နေသည့် အထူးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် အသင်းဝင်များအနေဖြင့် ပိုမိုအရှိန်အဟုန်မြှင့်တင်ပြီး ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်မှုများနှင့် အလားအလာကောင်းများကို ဒေသအသီးသီးက အသင်းဝင်များကိုယ်တိုင် ပြည်သူများနှင့်အတူ ခံစား၊ သိမြင်နေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများသည် ပြည်သူများကိုယ်တိုင် သိမြင်၊ ထိတွေ့ခံစားနေကြရသည့် ပကတိအခြေအနေမှန်များဖြစ်ကြောင်း၊ ကိုယ်ပိုင်စွမ်းအားဖြင့် မနားမနေကြိုးပမ်းရာက ရရှိသည့် ရလဒ်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သော စေတနာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်မှုများကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ပူးပေါင်း ဆောင်ရွက်လာကြသူများလည်း စဉ်ဆက်မပြတ် ရှိနေပြီဖြစ်ကြောင်း။

သိမြင်နေ

သို့ရာတွင် ပြည်တွင်း ပြည်ပက အဖွဲ့အစည်းအချို့၏ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး ပြောဆိုလုပ်ဆောင်မှုများ၊ တိုးတက်ဖြစ်စဉ်များကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည့်အစား ပြစ်တင်ဝေဖန်ပြောဆိုမှုများ၊ ဖြစ်စဉ်များအပေါ် စေတနာဆိုးဖြင့် ချဲ့ကားပြောဆိုမှုများ၊ လိုရာဆွဲပြီး ပြောဆိုမှုများ၊ နိုင်ငံတော်၏ ကြိုးပမ်း အကောင်အထည်ဖော်မှုများကို လူမှုရေးကိုအကြောင်းပြုပြီး ဆန့်ကျင်လာအောင်၊ စီးပွားရေးကိုအကြောင်းပြုပြီး ဆန့်ကျင်လာအောင် ဆောင်ရွက်နေသည်ကိုလည်း သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံကြီးအချို့ကလည်း ပိတ်ဆို့မှုများ၊ ဟန့်တားမှုများ၊ အရေးယူမှုများဖြင့် အလိုကျဖြစ်အောင် ကြိုးပမ်းနေရုံသာမက နည်းပေးလမ်းပြမှုများ၊ အထောက်အပံ့ ပေးကမ်းမှုများ၊ သူကောင်းပြုမှုများဖြင့် ပြည်တွင်းက အလိုကျဆောင်ရွက်လိုသူများ ပေါ်ထွက်လာစေရန် ကြိုးပမ်းနေခြင်းကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ စည်းလုံးမှုနှင့် တည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်နေမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမဲ့သည့် လုပ်ရပ်များသာဖြစ်သည်ဆိုခြင်းကို သိမြင်နေကြပြီဖြစ်ကြောင်း။

ပြောင်းလဲဖြစ်ပေါ်

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို ဗန်းပြပြီး သွေးထိုးလှုံ့ဆော်မှုများကြောင့် ၁၉၈၈ ခုနှစ်က နိုင်ငံသားအားလုံး ရင်ဆိုင်ခံစားခဲ့ကြရသည့် ခေါင်းဖြတ်လုယူဖျက်ဆီးမှု အနိဋ္ဌာရုံအဖြစ်ဆိုးများကို သင်ခန်းစာမယူဘဲ ထပ်မံဖြစ်ပွားအောင် ကြိုးပမ်းနေကြသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နှင့် လက်ရှိကာလသည် မယှဉ်သာအောင် ပြောင်းလဲတိုးတက်နေပြီဖြစ်ကြောင်း၊ ပြောင်းလဲကျင့်သုံးလာသည့် ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် နိုင်ငံသားများက အချိုးအစားကြီးမားစွာ ပြောင်းလဲ ပိုင်ဆိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်က နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်များနေရာ၌ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်ကြီးများ ပြောင်းလဲဖြစ်ပေါ်လာခဲ့ပြီဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု ပျက်ပြားလျှင် နိုင်ငံသားများကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဈေးဆိုင်ကြီးများနှင့် ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ ထိခိုက် နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများဖြင့် ဆက်စပ်နေသည့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝလည်း ထိခိုက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စေတနာမမှန် လုပ်ရပ်များကို ပြည်သူများ အမှန်အတိုင်းသိအောင် ရှင်းလင်း အသိပေးသွားကြရမည်ဖြစ်ကြောင်း၊ ရရှိသည့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း တည်တံ့ခိုင်မာအောင် ကာကွယ်ထိန်းသိမ်းပြီး ပိုမိုတိုးတက်မှုရရှိစေရန် ဆက်လက် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ

- **သင်တန်းက ရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို ဘဝအတွေ့အကြုံဖြင့် ပေါင်းစပ်ပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူများ၏အကျိုး ပိုမိုသယ်ပိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြား ရှိပြီးဖြစ်သည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးက ပြည်သူများအကျိုးအတွက် ဦးတည်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ ကိုယ်တိုင်သာမက ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း ပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သင်တန်းကာလ

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်းအမှတ်စဉ်(၅)သို့ သင်တန်းသား သင်တန်းသူ ၂၀၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဒူဘိုင်းလေဆိပ်၌ လေယာဉ်ဘီးချော် လူ ၁၅ ဦး ဒဏ်ရာရရှိခဲ့

ဒူဘိုင်း မတ် ၁၂

ဒူဘိုင်း နိုင်ငံတကာလေဆိပ်၌ မတ် ၁၂ရက်က ဘင်္ဂလားဒေ့ရှ်လေကြောင်းမှ လေယာဉ်တစ်စင်းသည် လေဆိပ်မှပျံတက်စဉ် လေယာဉ်ဘီးမတော်တဆဖြစ်မှုကြောင့် လေယာဉ်ပြေးလမ်းကြောင်းပြောင်းကာ ထိခိုက်ဒဏ်ရာရမှုများဖြစ်ပေါ်ခဲ့ရာ လေဆိပ်ကို ခုနစ်နာရီကြာ ပိတ်ထားခဲ့ရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်သည် လေဆိပ်မှပျံတက်စဉ် ဘီးချော်သွားခဲ့၍ လေယာဉ်ဦးခေါင်းမှာ မြေပြင်သို့ ထိုးစိုက်ကျသွားရာ အနည်းဆုံး လူ ၁၅ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ယင်းလေဆိပ်သည် အရှေ့အလယ်ပိုင်းဒေသ၏ လေယာဉ်အများဆုံးဆင်းသက်ရာ လေဆိပ်ဖြစ်ပြီး လေယာဉ် ၇၁ စင်းခန့် ပျံသန်းမှုအစီအစဉ်များ ဖျက်သိမ်းခဲ့ရသည်ဟု ဆိုသည်။

၎င်းလေယာဉ်သည် ဘီဂျီ-၀၀၆ ဖြစ်ပြီး ဒူဘိုင်းမှ ဒါကာသို့ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၂၃၆ဦး စီးနင်းလိုက်ပါ ပျံသန်းသည့် လေယာဉ်ဖြစ်သည်။ (အင်တာနက်)

❒ ရှေ့ဖုံးမှ

တက်ရောက်

တံတားဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကသာခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၄၅၀၀ ကျော် တက်ရောက်ကြသည်။

ဆောင်ရွက်ပေး

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့်တိုင်းဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ကဏ္ဍအသီးသီးမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နေ့မအားညမနား

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်းသည် အဓိကကျသောကြောင့် ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းကူးတံတားများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ခြင်း၊ မီးရထားလမ်းများ တိုးချဲ့ခြင်း၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းကြီးများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း စသည့် လူမှုစီးပွား အခြေခံအဆောက်အအုံများကို အရှိန်အဟုန်မြှင့် နေ့မအား ညမနား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တည်ဆောက်ပေး

နိုင်ငံအတွင်း ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်းစုစုပေါင်းအနေဖြင့် ၁၉၈၈ခုနှစ်က မိုင်ပေါင်း နှစ်သောင်းတစ်ထောင်ကျော်သာရှိရာမှ ယခုအခါ မိုင်ပေါင်း ခြောက်သောင်းလေးထောင်ကျော်အထိ တိုးတက်ဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သောနေရာတိုင်း၌ မြစ်ကူးတံတားကြီးများ၊ ချောင်းကူးတံတားများကို ဆောက်လုပ်ပေးခဲ့ရာ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်တို့အပေါ်၌ ၁၉၈၈ခုနှစ်က တံတားကြီး ငါးစင်းသာရှိခဲ့ပြီး ယခုအခါ မြစ်ကူးတံတားကြီး အစင်း၂၀အပါအဝင် ပေ ၁၈၀ နှင့်အထက် ကားလမ်း တံတားပေါင်း အစင်း ၂၂၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် မဲဇာတံတား(ဒိုးပင်)သည် အရှည်ပေ၂၆၀၊ အကျယ် ၁၄ ပေရှိ သစ်ဘေလီသံပေါင်အမျိုးအစား တံတားဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၈၇သိန်း ချမှတ်ပေးပြီး ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ဂုဏ်ပြုမှတ်တမ်းတင်

ယခုလို တည်ဆောက်ခဲ့ရာတွင် ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုအားဖြင့် သတ်မှတ်ချိန်ထက် စောစီးစွာပြီးစီးအောင် ကြိုးစားတည်ဆောက်ပေးခဲ့ကြသည့်အတွက် နိုင်ငံတော်ကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်က နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစောနိုင်က တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက မဲဇာချောင်း(ဒိုးပင်ရွာ)တံတား တည်ဆောက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အမှာစကားပြောကြား

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ထီးချိုင့်မြို့နယ် မဲဇာချောင်း(ဒိုးပင်ရွာ)တံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့အား တံတားဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားတည်ဆောက်ခဲ့သော ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောနိုင်အားလည်းကောင်း၊ စည်တော်အဖွဲ့ ခေါင်းဆောင်အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဒုတိယပိုင်း အခမ်းအနားကျင်းပမည့် မဲဇာချောင်း(ဒိုးပင်ရွာ) တံတားထိပ်မုခ်ဦးရှေ့တွင် နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့က မဲဇာချောင်း(ဒိုးပင်ရွာ) တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မဲဇာချောင်း(ဒိုးပင်ရွာ) တံတားဖွင့်ပွဲမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် တံတားတည်ဆောက်ရေး တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးတံတားဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဲဇာချောင်း (ဒိုးပင်ရွာ) တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သော မဲဇာချောင်း (ဒိုးပင်ရွာ)တံတားသည် သံပေါင်ဘေလီသစ်သားတံတားဖြစ်ပြီး တံတားအရှည် ပေ ၂၆၀၊ အကျယ် ၁၄ ပေဖြစ်ကာ တံတား၏ ခံနိုင်ဝန်အားမှာ ၁၃ တန် ဖြစ်သည်။ ယင်းတံတားသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် အရေးပါဆုံး တံတားဖြစ်ပြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့ကို လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ဒိုးပင်ကျေးရွာနှင့် မိချောင်းသိုက်ကျေးရွာ မင်းဝံတောင်ခြေရှိ ချွန်းတောင်၊ ညောင်ပင်သာ၊ ဖက်တဲ၊ မရသိမ်၊ တောမ၊ ဆင်ဖြူဆိပ် စသည့် ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများ ဒေသအနှံ့အပြားသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



မဲဇာချောင်း(ဒိုးပင်ရွာ)တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မတ် ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများကောင်စီညီလာခံနှင့် ဒုတိယအကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ထိုသို့ထွက်ခွာရာတွင် အဖွဲ့ဝင်အဖြစ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်လည်း လိုက်ပါသွားသည်။ **(သတင်းစဉ်)**

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၂

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို မတ်၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသက်(၇၅)နှစ်မှအထက် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများကို ဂုဏ်ပြုဆုပေးပွဲပါ ပူးတွဲ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ မင်းပြားမြို့နယ်အသင်းအသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မင်းပြားမြို့နယ်သူ မြို့နယ်သားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးတင်သိန်း- ဒေါ်ခင်မာဝေ သားသမီးမြေးမြစ်သားစု အမှတ် ၄၃ သီရိလမ်း စမ်းချောင်းမှ အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သမထဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၁၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ-အံ့ကြီးဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)က သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ကမာကြည်လမ်း မြတ်ရတနာအသင်း ဆွမ်းလောင်းဓမ္မာရုံတွင် မတ်၂၅ရက်မှ ၃၁ရက်အထိ ညနေ၆နာရီမှ ည၇ နာရီခွဲထိ လည်းကောင်း၊ ဗိုလ်တထောင်စေတီတော်ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် ဧပြီ ၁ရက်မှ ၇ရက်အထိညနေ ၆နာရီမှ ည၇နာရီခွဲအထိလည်းကောင်း၊ ရွှေတိဂုံစေတီတော် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိလည်းကောင်း၊ သင်္ကြန်ခုနှစ်ရက်တရားစခန်းကို ဧပြီ ၁၂ ရက်ညနေမှဧပြီ ၂၀ ရက်နံနက်အထိ ဒလ-အံ့ကြီး ဓမ္မရိပ်သာတွင် ဟောကြား ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အထက(၂)လမ်းမတော်(မြမာလာ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ယခင်မြမာလာ) ကျောင်းသူ ကျောင်းသားဟောင်းများက (အငြိမ်းစားယူပြီးသော)ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် စုံညီခန်းမ အထက(၂)လမ်းမတော်၌ ကျင်းပမည်ဖြစ်သည်။ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဖုန်း-၂၂၂၂၅၇၊ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ဦးကံကောင်း ဖုန်း-၀၉-၉၈၂၃၅၂၈၊ ဦးကျင်စိန် ဖုန်း-၀၉-၈၀-၃၀၂၆၁၊ ၂၄၅၀၉၆၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၃၈၀၄၀၁၊ ဦးစိန်ဝင်း ဖုန်း-၂၂၂၂၆၇ နှင့် ဒေါ်ခင်အေးနွဲ့ ဖုန်း-၀၉-၂၁၃၁၉၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘက်စုံတိုးတက်နေသော ကလေးမြို့

ငွေးလွင်(ဆားလင်းကြီး)

မကြာမီက ကလေးမြို့သို့ ခရီးတစ်ထောက်ရောက်ခဲ့သည်။ ကလေးမြို့သည် ပထဝီအနေအထားအားဖြင့် မြန်မာပြည်မြေပုံတွင် အနောက်မြောက်ယွန်းယွန်း အစွန်ဆုံးနေရာ ချင်းတောင်တန်းအစပ်မှာ တည်ရှိသည်။ မြန်မာနိုင်ငံ၏အစွန်း၌ တည်ရှိသော ကလေးမြို့သည် ရှေးဟောင်းမြို့တော်တစ်မြို့ဟု ဆိုရပေမည်။

"စာ-ကို ရေး-ကလေးတည်"သမိုင်းအဆိုအရ ကောဇာသက္ကရာဇ် ၃၂၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက် တနင်္ဂနွေနေ့ နေတက် ၂၂ ဖဝါးအချိန်တွင် ပထမဆုံး ကလေးမြို့ကိုတည်ခဲ့သည်။ ထိုအဆိုအရ ကလေးမြို့၏ သမိုင်းသက်တမ်းသည် နှစ်ပေါင်း ၁၀၄၀ပြည့်ခဲ့လေပြီ။ ပုဂံခေတ် ကွမ်းဆော်ကြောင်ဖြူမင်းလက်ထက်က စတင်တည်ထောင်ခဲ့သည်။ အုတ်မြို့ရိုးဟောင်းနှင့် ကျုံးနေရာကို ယနေ့တိုင် တွေ့နိုင်သေးသည်။ သို့သော် ကလေးမြို့ကား သမိုင်းသက်တမ်း တစ်ဆက်တည်း တည်နေခဲ့သည်မဟုတ်ပေ။

သက္ကရာဇ် ၉၉၉ခုနှစ်တွင် ဒုတိယ
သက္ကရာဇ် ၁၁၂၃ခုနှစ်တွင် တတိယ
သက္ကရာဇ် ၁၂၅၁ခုနှစ်တွင် စတုတ္ထအကြိမ်

ကလေးမြို့ကိုတည်ခဲ့သည်ဟု ကလေးမြို့သမိုင်းတွင် ဆိုထားသည်။ ၁၂၅၁ခုနှစ် ကိုလိုနီနယ်ချဲ့ခေတ်တွင် တည်ခဲ့သော ကလေးမြို့ကား ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တို့ဗုံးကြဲချသဖြင့် လေးတိုင်စင် လေးမျှပင် မကျန်တော့ပေ။ ကြဲချခဲ့သော ဗုံးများမှာ ကလေးမြို့လူဦးရေထက်ပင် ပိုပေလိမ့်မည်ဟု ဆရာတော် အရှင်ပဒုမက ကလေးမြို့သမိုင်းတွင် ရေးသားထားသည်။ ယခု ကလေးမြို့ကား ဒုတိယကမ္ဘာစစ်ပြီးမှ ထူထောင်ခဲ့ရသော ကလေးမြို့သစ်ပင် ဖြစ်သည်။

လွန်ခဲ့သော အနှစ်၂၀ ကျော်က ကလေးမြို့သို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ကလေးမြို့မြင်ကွင်းနှင့် ယခုမြင်ကွင်းမှာ နှိုင်းယှဉ်မရအောင် ကွာခြားနေပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်ဟု ဆိုရပါမည်။ စေတီ၊ တန်ဆောင်း၊ ဘုန်းတော်ကြီးကျောင်းစသော သာသနိကအဆောက်အအုံများကလည်း တိုးတက်နေသည်။ မဟာဝိသုဒ္ဓါရုံ၊ သန္တာရုံ၊ တောင်ဖီလာ၊ တပ်ဦးစသော ပရိယတ္တိစာသင်တိုက်များတွင် ပရိယတ္တိစာပေများ ပို့ချပေးသဖြင့် သံဃာတော်များ၏ သင်္ကန်းရောင်များဖြင့် ထွန်းပြောင်နေသည်။ ဘာသာရေးစုံသော မြို့ဖြစ်ရာ ဗုဒ္ဓသာသနာ ထွန်းကားသဖြင့် ဝမ်းမြောက်ကြည်နူးမိပါသည်။ မြို့ပြအနေအထားမှာလည်း လမ်းများ၊ ဈေးတိုက်တန်းများ၊ လူနေတိုက်တာအိမ်များ စည်ကားတိုးတက်နေ၍ ခေတ်မီတိုးတက်နေသော ကလေးမြို့ဟု ဆိုရပါသည်။

ထို့ထက် ဝမ်းမြောက်ဖွယ်ရာ တိုးတက်နေသော မြင်ကွင်းတစ်ရပ်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသဖြင့် ဝမ်းမြောက်ကြည်နူးမိပါသည်။ ညောင်ပင်သာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်သံဃနာယက အဖွဲ့ရုံး တည်ရှိရာ နေသာကျောင်းတိုက်သို့ ရောက်ခဲ့ပါသည်။

ကျောင်းတိုက်အတွင်းသို့ ရောက်လျှင် စနစ်တကျ ညီညာစီတန်းထားသော ဆိုင်ကယ်များ၊ စက်ဘီးများကို တွေ့ရသည်။ ကျောင်းမှာ အစည်းအဝေးများ ရှိလေသလားဟု ထင်မှတ်သွားသည်။ မဟုတ်ပါချေ။

ဆရာက သင်ကြားပို့ချ၍ ကျောင်းသား၊ ကျောင်းသူများ သံပြိုင်လိုက်ဆိုနေသော စာသင်ခန်းမှ အသံက လွှမ်းတက်လာသည်။ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း မဟုတ်ပေ။ နေသာပညာဒါန သင်တန်းကျောင်းအမည်ဖြင့် ရှစ်တန်း၊ ကိုးတန်း၊ ၁၀တန်းကျောင်းသား၊ ကျောင်းသူများအား ပညာဒါန ပေးလှူနေခြင်းဖြစ်သည်။ ပညာဒါန သင်တန်းကျောင်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်ကို သင်တန်းမှူး ဆရာတော် ဦးခမ္မိက အရှင်မြတ်က-

> **"ကျူရှင်ဘော်ဒါ မတက်နိုင်ဘဲ ပညာလိုလားတဲ့ ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများကို စည်းကမ်းရှိရှိ စနစ်တကျ ပညာသင်ပေးရန် ဖွင့်လှစ်ခဲ့ပါတယ်။ ပညာသင်ကြားပေးရင်း ဘာသာရေးယဉ်ကျေးမှု၊ ဘာသာရေးအသိဉာဏ်၊ အလိမ္မာအမွေ ပေးနိုင်ရန် ဖြစ်ပါတယ်။ ပညာသင်ကြားပေးရာမှာတော့ ဘာသာမရွေး သင်ကြားခွင့် ပေးထားပါတယ်။ ၁၉၉၆-၁၉၉၇ခုနှစ် ပညာသင်နှစ်မှ စ၍ အခလွတ် စေတနာရှင် ဆရာ၊ ဆရာမများနှင့် တည်ထောင်ဖွင့်လှစ်ပြီး ပညာဒါနဖြန့်ဝေခြင်း ဖြစ်ပါတယ်"**

ဟု ရှင်းပြသည်။

နေရာအခက်အခဲကြောင့် ဝင်ခွင့်ဖြေဆိုခိုင်းပြီး ဦးရေကန့်သတ် လက်ခံသည်။ **"ကုန်ကြမ်းသန့်မှ ကုန်ချောကောင်းမည်"**ဟူသော ယုံကြည်ချက်ဖြင့် လက်ခံမည်ဟု ပြောပြသည်။ နေသာပညာဒါန သင်တန်းမှ စာသင်နှစ် ၁၀နှစ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်သူပေါင်း ၁၂၆၅ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

ဆေးတက္ကသိုလ် ၁၀ဦး၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ရေကြောင်းပညာသိပ္ပံနှင့် တက္ကသိုလ်၊ စစ်တက္ကသိုလ်၊ ပညာရေးကောလိပ်နှင့်တက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များသို့ ရောက်ရှိသင်ကြားနိုင်အောင် စေတနာ မေတ္တာဖြင့် ပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ဦးရေ ၁၃၇ဦး၊ နဝမတန်း ၁၄၀၊ အဋ္ဌမတန်း ၁၅၀ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ အရည်အသွေး တိုးတက်စေရန် စာမေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိသည်။ **"သင်ကြား၊ လေ့ကျင့်၊ စည်းကမ်း"**ဟူသော မူဖြင့် အားသွန်ခွန်စိုက် ပညာဒါနပေးလှူလျက်ရှိသည်။ ထို့ကြောင့်ပင် ပညာသင်နှစ်အလိုက် အောင်ချက်ပြဇယားမှာ အားရဖွယ်ကောင်းလှပါသည်။

ပညာသင်နှစ်အလိုက် အောင်ချက်ပြဇယား

စဉ်	ပညာသင်နှစ်	ဖြေဆိုသူပေါင်း	အောင်မြင်သူပေါင်း	ရာခိုင်နှုန်း
၁	၁၉၉၆-၁၉၉၇	၁၇၀	၁၁၀	၆၅
၂	၁၉၉၇-၁၉၉၈	၁၇၀	၁၂၁	၇၀
၃	၁၉၉၈-၁၉၉၉	၁၇၀	၁၅၀	၈၅
၄	၁၉၉၉-၂၀၀၀	၂၃၈	၁၉၅	၈၁
၅	၂၀၀၀-၂၀၀၁	၁၆၁	၁၅၈	၉၈
၆	၂၀၀၁-၂၀၀၂	၁၄၆	၁၀၄	၇၁
၇	၂၀၀၂-၂၀၀၃	၁၁၇	၈၂	၇၀
၈	၂၀၀၃-၂၀၀၄	၁၂၈	၁၁၂	၈၇
၉	၂၀၀၄-၂၀၀၅	၁၂၂	၁၀၆	၈၆
၁၀	၂၀၀၅-၂၀၀၆	၁၄၀	၁၂၇	၉၁

ဤအောင်ချက်ပြဇယားကိုကြည့်ပါက နေသာပညာဒါန သင်တန်းသည် အားရဖွယ်ကောင်းအောင် အောင်မြင်လျက်ရှိပါသည်။ ဆရာတော် ဦးခမ္မိကသည် ကိုယ်တိုင် (B.A) ဘွဲ့ရအောင်သင်ယူပြီး ပညာဒါန သင်တန်းကို ဦးစီးဖွင့်လှစ်ခဲ့ပါသည်။ ခေတ်မီတိုးတက်သော သာသနာပြုလုပ်ငန်းဟု ဆိုရပါမည်။ ဤသို့ ပညာဒါန သင်တန်းကျောင်းများ ထပ်မံပေါ်ပေါက်လာပါက ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူ ပိုမိုရရှိမည် ဖြစ်ပါသည်။

နေသာကျောင်းတိုက်သည် ပညာဒါနကိုသာ ပေးလှူနေသည် မဟုတ်ပေ။ ကျန်းမာရေးအတွက် ဆေးရုံတက်၍ သွေးလိုနေသူများအတွက်လည်း **"သစ္စာဇီဝိတဒါန"** သွေးလှူရှင်အသင်းကိုလည်း ဖွဲ့စည်းထားသည်။ နာရေးကိစ္စအတွက်လည်း **"ကာယကံမေတ္တာ"** အမည်ဖြင့် အခလွတ်နာရေးယာဉ်ဝန်ဆောင်မှုအသင်းကို ဖွဲ့စည်းတည်ထောင်ထားသည်။ လူသားတိုင်းအတွက် လိုအပ်သော အလှူဒါနများကို တွေ့မြင်ခဲ့ရသဖြင့် ဘက်စုံတိုးတက်နေသော ကလေးမြို့ဟု ဂုဏ်ပြုအပ်ပါသတည်း။ ။

လွန်ခဲ့သောအနှစ် ၂၀ ကျော်က ကလေးမြို့သို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်က ကလေးမြို့ မြင်ကွင်းနှင့် ယခုမြင်ကွင်းမှာ နှိုင်းယှဉ်မရအောင် ကွာခြားနေပါသည်။ ဘက်စုံဖွံ့ဖြိုး တိုးတက်နေသည်ဟု ဆိုရပါမည်။ စေတီ၊ တန်ဆောင်း၊ ဘုန်းတော်ကြီးကျောင်း စသော သာသနိက အဆောက်အအုံများကလည်း တိုးတက်နေသည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အမှတ်(၁)တပ်မတော်ဆေးရုံကြီးသို့ သွေးလှူဒါန်း

ရန်ကုန် မတ် ၁၂

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း မြင်းမူမြို့ ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်၏ ပဓာနနာယက ရွှေထီးဆောင်း ဆရာတော် ဘဒ္ဒန္တ အာဒိစ္စာလင်္ကာရ (လူမှုထူးချွန် ပထမအဆင့်၊ ၉၂-ကြိမ်မြောက်သွေးလှူရှင်) ဦးဆောင်သော စေတနာသွေးလှူရှင် ၃၀ တို့သည် ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) သွေးလှူဘဏ်သို့ သွေးများ လှူဒါန်းကြသည်။

ရှင်းလင်းမြွက်ကြား

ရှေးဦးစွာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ဆေးကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီး မျိုးညွန့်က ကျေးဇူးတင်စကားပြောကြားပြီး **(ဝဲပုံ)** ရွှေထီးဆောင်း ဆရာတော် ဘဒ္ဒန္တ အာဒိစ္စာလင်္ကာရက သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမြွက်ကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ရောဂါဗေဒ ပါရဂူ ဗိုလ်ကြီး သန့်ထိန်က သွေးလှူရှင်များ လိုက်နာရမည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီး မျိုးညွန့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

သွေးလှူဒါန်း

ယင်းနောက် ၂၀၀၇ ခုနှစ် (၆၂) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း မြင်းမူမြို့ ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်၏ ပဓာနနာယက ရွှေထီးဆောင်း ဆရာတော် ဦးဆောင်သော သွေးလှူရှင် ၃၀ တို့သည် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ သွေးများလှူဒါန်းကြသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ၁၃၆၈ ခုနှစ် စာအောင်သံဃာဂုဏ်ပြုပွဲနှင့် အဘိဓေ မဟာရဋ္ဌဂုရုဘွဲ့ရ ဘဒ္ဒန္တသောဘန ဂုဏ်ပြုပွဲ၊ ဘဒ္ဒန္တကေသရ(၈၀)ပြည့် မွေးနေ့ပွဲကို မတ် ၁၁ရက်က ကျင်းပရာ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်က စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ (မြသိန်းတန်)အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၃၅၂)

ပထာမမြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်မှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၁၀ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၏ သေနတ်ပစ်လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်လျက်ရှိသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပထာမမြန်မာ့ လက်ရွေးစင် သေနတ်ပစ်အားကစားသမားများ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နိုင်ငံတကာအဆင့်မီ ရေကူးကန်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်သည်။

ယင်းနောက် ဝန်ကြီးသည်ဒဂုံမြို့သစ်(မြောက်ပိုင်း) မိုးလုံလေလုံ အားကစားခန်းမ၌ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပထာမမြန်မာ့ လက်ရွေးစင်သိုင်း အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအား မှာကြား ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

မှာကြား

ထို့နောက် ဝန်ကြီးသည်အောင်ဆန်း အားကစားပြိုင်ဝင်း၌ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပထာမ မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများ၊ ပထာမမြန်မာ့ လက်ရွေးစင် ဘော်လီဘော အားကစားသမားများနှင့် ပထာမ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်သော ကျေးဇူးရှင် မိဘ နှစ် ပါး ဖြစ် သော ဦးဘရင်-ဒေါ်လုံးတင်၊ ဦးမောင်တင့်-ဒေါ်မမလေးတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၆) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၇) နေ ဦးလှသောင်း-ဒေါ်ရင်ကြည်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေပေါက်ကံ မြို့လုံးကျွတ် ရေသွယ်မှုအောင်ပွဲကျင်းပ ညောင်ရမ်းလမ်းသစ်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် မတ် ၁၂

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ဆောင်ရွက်ပြီးစီးခဲ့သော မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် မြို့လုံးကျွတ် ငမိုးရိပ်ဂျိုးဖြူ ရေပိုက်လိုင်းမှ ရေသွယ်မှုအောင်ပွဲ၊ ညောင်ရမ်းလမ်း ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အခမ်းအနားကို ပုဂံလမ်းနှင့် ညောင်ရမ်းလမ်းဆုံရှိ မုခ်ဦး ဥပစာ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးနှင့် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးလှိုင်မင်းတို့က မင်္ဂလာအချိန်၌ ရွှေပေါက်ကံမြို့သစ် ငမိုးရိပ်-ဂျိုးဖြူရေပိုက်လိုင်းမှ ရေသွယ်ယူမှုအောင်ပွဲနှင့် ညောင်ရမ်းလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ရေစတင်လွှတ်ပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ရေပိုက်ဘားများကိုဖွင့်၍**(အပေါ်ပုံ)** ရေစတင်လွှတ်ပေးကြပြီး နေအိမ်များ၌ သောက်သုံးရေအားရရှိမှု၊ ရေအရည်အသွေးနှင့် ညောင်ရမ်းလမ်းသစ်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနားကို ရွှေပေါက်ကံမြို့သစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဥပစာ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့ထံ ရွှေပေါက်ကံမြို့သစ်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာစုစုပေါင်း ၂၃၉၇စောင်ကို တာဝန်ရှိသူတို့က ပေးအပ်ကြပြီး ဗဟိုအလုပ်အမှုဆောင်များက အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်း

ရွှေဘိုခရိုင် ဝက်လက်မြို့ ပဋ္ဌမအကြိမ်မြောက် မြို့လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၀ရက်က နာရီစင်အနီးရှိ ဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပရာ မြို့ပေါ် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော် တင်း၁၆၀ကို လောင်းလှူခဲ့ကြသည်။

အရှေ့ဆုတောင်းပြည့် မိုယ်းကောင်းစေတီရွှေထီးတော်တင်လှူ

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ အရှေ့ဆုတောင်းပြည့် မိုယ်းကောင်းစေတီတော်မြတ် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီက ကျင်းပရာ နဝင်းကျောင်းဆရာတော် ဦးခေမာစာရနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး သိုက်စိုးတို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စေတီတော်မြတ်နှင့် အရံစေတီတော်များအား ရွှေထီးတော်များ တင်လှူပူဇော်ကြကာ ကွမ်းခြံကျေးရွာ မြောက်ကျောင်းတိုက်ဆရာတော် ဦးအာစာရ အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

စာအောင်သံဃာတော်များ ပူဇော်

မတ္တရာမြို့ အမှတ်(၂)ရပ်ကွက် မြို့မဈေးမြောက်ဘက်၌ ဒါနပါရမီအရဏ်ဆွမ်းလောင်းအသင်းက တတိယအကြိမ်မြောက် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ဖေဖော်ဝါရီ၁၅ရက် နံနက်၆နာရီက ကျင်းပရာ စာအောင်သံဃာတော် အကြီးတန်းလေးပါး၊ အလတ်တန်း ၁၈ပါး၊ အငယ်တန်း ၂၂ပါး၊ ပင့်သံဃာ ၁၁ပါးနှင့် ဓမ္မပူဇာဆရာတော် နှစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သာသနာ ၂၅၀၀ ပြည်လုံးချမ်းသာကပ်ကျော်စေတီ ဗုဒ္ဓပူဇနီယပွဲ ဆင်ဘိုမြို့တွင် ကျင်းပ

ကချင်ပြည်နယ် ဆင်ဘိုမြို့သာသနာ ၂၅၀၀ ပြည်လုံးချမ်းသာကပ်ကျော်စေတီတော် အကြိမ်(၄၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၆၈ ခု တပေါင်းလဆန်း ၇ ရက်မှ ၁၂ ရက်) ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိကျင်းပရာ ဒက္ခိဏာရာမ ကျောင်းတိုက်ဆရာတော် ဦးဝိဇယအမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာအဖြစ် ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ပွဲ၊ ရှင်အပါး ၁၀၀ စုပေါင်းရှင်ပြုပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြောင်းသိရသည်။

၁၀ ရက်တရားစခန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းရွှေတောင် ကျောင်းဓမ္မရိပ်သာ မဂ္ဂင်လမ်းပြ သစ္စာခန်းမ၌ ၁၃၆၈ခု တပေါင်းလပြည့်ကျော် ၁၃ရက် (မတ် ၁၅ ရက်)မှ တန်ခူးလဆန်း ၉ရက် (မတ် ၂၆ရက်) အထိ ၁၀ ရက် အထူးတရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖုန်း-၆၆၇၉၆၄သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် မတ်၁၅ရက် ညနေ ၅ နာရီအရောက် ကြွရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။

ကချင်ပြည်နယ် အသင်းအလုပ်အမှုဆောင် ကျေးရွာများသို့ စည်းရုံးရေးကွင်းဆင်း

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင် ဦးကျော်စိုးလေးသည် မိုးညှင်းခရိုင် အသင်းတွဲဖက်အတွင်းရေးမှူး ဦးကျော်ငွေးလှိုင်နှင့်အတူ ဇန်နဝါရီ ၂၁ရက်မှ၂၈ရက်အထိ ဖားကန့်မြို့နယ် ဖားကန့်၊ လုံးခင်း၊ ဆိပ်မူ၊ မမုံ၊ တောင်းကော့၊ ဟောင်ပါး၊ ဆည်ဇင်း၊ နမ့်မော်၊ ရှရော်ခနှင့်ဇော့ခါ ကျေးရွာများသို့ စည်းရုံးကွင်းဆင်းပြီး စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပင်လောင်းတွင် ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သား သမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်ခန်းမတွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌဦးရဲငွေက စစ်မှုထမ်းဟောင်း အဖွဲ့ဝင် သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေများပေးအပ်ရာ စည်းရုံးရေးတာဝန်ခံများက လက်ခံရယူကြပြီး ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ စုစုပေါင်းမှာ ငွေကျပ် ၃၄၉၀၀၀ ဖြစ်ကြောင်း သိရသည်။

တပ်မတော်နေ့အထိမ်းအမှတ် တပ်ကုန်းတွင် ကျပန်းစကားပြောပြိုင်

တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသည့်(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီက ဗုဒ္ဓသာသနာပြုဗိမာန်၌ ကျင်းပရာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ကိုးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ အထက(၁)နဝမတန်းမှ မထက်ရည်ဇော်က ပထမ၊ အထက (၂)ဆဋ္ဌမတန်းမှ မောင်စိုင်းပီတိက ဒုတိယ၊ အလက အဋ္ဌမတန်းမှ မောင်သက်ကိုကိုကျော်က တတိယရရှိကြောင်း သိရသည်။

အရန်မီးသတ်မွမ်းမံ သင်တန်းဖွင့်

တောင်ကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ တောင်ကြီးမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ခွဲမှူး၊ ဒုတိယတပ်ခွဲမှူးများ၊ တပ်စုမှူးများ မွမ်းမံရက်တို သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ကျင်းပရာ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်၍ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ တောင်ကြီးမြို့နယ်အတွင်း လုပ်ဆောင်ရမည့် တာဝန်ပိုင်းနှင့် ပတ်သက်၍ ဟောပြောပို့ချသည်။

ဆင်ကျွန်းကျေးရွာ အမက လွန်ကျောင်း ပညာရည်ချွန် ဆုချီးမြှင့်

ကသာခရိုင် ထီးချိုင့်မြို့နယ် ရေဝကျေးရွာအုပ်စု-ဆင်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အတန်းလိုက် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်အဆင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆုများ အသီးသီးချီးမြှင့်ကြသည်။

ကျောက်ဆည် စည်ပင်ဈေး ယင်လုံဆန်ခါဖြင့် သားငါးရောင်းချ

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးအရာရှိ ဦးဟန်ဝင်းအောင်၊ ဈေးတာဝန်ခံ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်က အေးမြကြည်လင်ဈေးတွင် ယင်လုံဆန်ခါဖြင့် သား၊ ငါးရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

စစ်ကိုင်းခရိုင် မြောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ထီးလှိုင်ရှင်ခန်းမ၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ရက်က ကျင်းပရာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးညွန့်ဆောင်က ကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးခိုင်မာရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကျယ်တဝင့်ဆွေးနွေးပြောကြားပြီး ကျေးရွာစာကြည့်တိုက် အဆောက်အအုံများ တည်ဆောက်သွားနိုင်ရေး တိုက်တွန်းပြောကြားသည်။

နေရပ်ပြန်တော့မည့် မန်ယူ၏ ခေတ္တတိုက်စစ်မှူး လာဆင်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၁၂

မန်ယူကို သုံးလတာအငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့သည့် ဆွီဒင်တိုက်စစ်မှူး လာဆင်တစ်ယောက် ဆွီဒင်ကလပ် ဟယ်ဆင်ဘော့အသင်းသို့ မကြာမီ ပြန်တော့မည်ဖြစ်သည်။



မန်ယူအတွက် ၁၃ ပွဲကစားပြီး သုံးဂိုး သွင်းယူပေးနိုင်ခဲ့သော ဆွီဒင် တိုက်စစ်မှူး လာဆင်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူ၌ အချိန်တိုကာလအတွင်း လာဆင်များစွာ အကျိုးပြုခဲ့သည်။ မန်ယူတွင် ပြီးခဲ့သည့် ဇန်နဝါရီ ၇ ရက်က အက်ဖ်အေဖလားပွဲ စဉ်ဖြစ်သည့် အက်စတွန်ဗီလာနှင့်ပွဲ၌ စတင်ကစားခဲ့သောပွဲ ၌ပင် လာဆင်က မန်ယူအတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့အပြင် ပရီမီယာလိဂ်ပွဲစဉ်ဖြစ်သည့် ဝက်ဖို့ဒ်နှင့်ပွဲ တွင်လည်း မန်ယူအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး လာဆင်၏ အတိုးအလှူပ်များကြောင့် မန်ယူတို့ ထိုပွဲ၌ လေးဂိုးပြတ်သွင်းယူနိုင်ခဲ့သည်။

သုံးဂိုးသွင်းပေး

မန်ယူတိုက်စစ်သည် လာဆင်ရောက်ရှိလာပြီးကတည်းက ပိုမြိုင်လာသလို စီရော်နယ်ဒို၊ ရွန်နေ၊ ဆာဟာနှင့် ရိုင်ယန်ဂစ်တို့လည်း ဂိုးသွင်းခွင့် အခွင့်အရေးများ ပိုမိုရရှိလာခဲ့သည်။ မန်ယူအတွက် ပြီးခဲ့သည့် ဇန်နဝါရီ ၇ ရက်မှ စတင်ကာ မတ် ၁၀ ရက်အထိ လာဆင်အနေဖြင့် ၁၃ ပွဲကစားပေးခဲ့ရာ လာဆင် တစ်ဦးတည်း သုံးဂိုးသွင်းပေးနိုင်ခဲ့သည်။

ထို့အတူ မန်ယူတို့အနေဖြင့် ယင်း ၁၃ ပွဲတွင် ဂိုးပေါင်း ၂၀ အထိသွင်းယူနိုင်ခဲ့ရာ လာဆင် ပါဝင်ကစားမှု၏ ထိရောက်သည့် အတိုင်းအတာကို ဖော်ပြလျက်ရှိနေသည်။

အသက်(၃၆)နှစ်ပြည့်တော့ မည့် ဆွီဒင်တိုက်စစ်မှူး လာဆင်သည် အသက်အရွယ်အရ တစ်ကွင်းလုံးလိုက်ပါမကစားနိုင်သော်လည်း တစ်ဖက်အသင်းဂိုးဧရိယာအတွင်း ခြေစွမ်းပြကစားနိုင်ဆဲရှိသည့် သူတစ်ဦးဖြစ်ရာ မန်ယူအတွက် ရရှိသော ဂိုးများသည် လာဆင်နှင့် ဆက်နွယ်မှုရှိခဲ့သောဂိုးများ ဖြစ်နေသည်။

အနိုင်ရ

မန်ယူအတွက် လာဆင် ၁၃ ပွဲ ကစားပေးခဲ့ရာတွင် ပရီမီယာလိဂ် ပွဲစဉ်ဖြစ်သည့် အာဆင်နယ်နှင့်ပွဲသာ ရှုံးပွဲကြုံခဲ့ရပြီး သရေပွဲနှစ်ပွဲနှင့် ကျန်ပွဲများအားလုံး အနိုင်ရခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

၁၃ပွဲ

ထိုသို့ မန်ယူအတွက် ၁၃ပွဲကစားပေးခဲ့ပြီးချိန်တွင် အာဆင်နယ်၊ပို့စ်မောက်၊ စပါး၊ ရက်ဒင်း၊ လီဗာပူးနှင့် မစ်ဒယ်ဘရော့အသင်းကဲ့သို့သော ပွဲကျပ်များ ကစားခဲ့ရသလို ချန်ပီယံလိဂ် ပွဲစဉ်ဖြစ်သည့် လိုင်လီနှင့် အဝေးကွင်း၊ အိမ်ကွင်းကစားခဲ့ရသော ပွဲများလည်း ပါရှိခဲ့ရာ ထိုပွဲအားလုံး ရှုံးပွဲမကြုံအောင် လာဆင်ကများစွာ ပံ့ပိုးပေးနိုင်ခဲ့သည်။

မပြောင်းခဲ့

ထိုသို့ မန်ယူအတွက် အောင်မြင်မှုများ ရရှိအောင် ကြိုးစားစွမ်းဆောင်ပေးခဲ့သော လာဆင်ကို မန်ယူနည်းပြဖာဂူဆန်က မန်ယူတွင် ထပ်မံကစားရေး လာဆင်အား ပြောကြားခဲ့သော်လည်း ဆွီဒင်သို့ပြန်မည့် ဆုံးဖြတ်ချက်ကို လာဆင်က မပြောင်းခဲ့ချေ။

ကျေးဇူးတင်

မန်ယူတွင် ကစားရမှုသည် မိမိအတွက် ကြီးမားသော အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ မိမိအား ကာလတိုခေါ်ယူကစားစေခဲ့သော မန်ယူနည်းပြဖာဂူဆန်ကို ကျေးဇူးတင်ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် ဟယ်ဆင်ဘော့ကလပ်သို့ ပြန်မည့်ဆုံးဖြတ်ချက်ကို မပြင်တော့ကြောင်း လာဆင်က မတ် ၁၀ ရက်ကပင် ပြောကြားခဲ့လေသည်။

ချီးကျူးပြောကြား

မန်ယူ၏ လက်ရှိအနေအထားမှာလည်း တိုက်စစ်မှူးများ ထိခိုက်ဒဏ်ရာရရှိမှု ကြုံတွေ့နေရချိန်နှင့် လာဆင် ပြန်သည့်အချိန် တိုက်ဆိုင်နေလျက်ရှိသည်။ ဆာဟာနှင့်ဆိုးလ်ရှားတို့ ဒဏ်ရာများရရှိနေသလို အလန်စမစ်ကလည်း ကွင်းခိုင်မှုမရှိသေးချေ။ သို့သော်လည်း လာဆင်ရှိမှု၊ မရှိမှုသည် အဓိကအချက်မဟုတ်ကြောင်း ဖာဂူဆန်က ပြောကြားသလို မန်ယူအသင်းသည် အခက်အခဲ အကျပ်အတည်းကြားမှ ရုန်းထွက်တတ်သည့် အသင်းကောင်း ဖြစ်ကြောင်း လာဆင်က ချီးကျူးပြောကြားသွားခဲ့သည်။

မှတ်တမ်းတင်

မည်သို့ပင်ဖြစ်စေ ဆွီဒင်တိုက်စစ်မှူးကြီး လာဆင်သည် ဆဲလ်တစ်၊ ဘာစီလိုနာတို့နှင့် ကစားခဲ့ချိန်၌ နာမည်ကြီးပြီး အောင်မြင်မှုများရရှိခဲ့သလိုမန်ယူအသင်းတွင်လည်း အချိန်တိုကာလသာ ကစားခဲ့ရသော်လည်း အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်သူတစ်ဦးအဖြစ် မှတ်တမ်းတင်ပါသည်ဟု ဖာဂူဆန်က လာဆင်အား မှတ်မှတ်ရရ ပြောကြားခဲ့လေသည်။

ဆွီဒင်နိုင်ငံ ဟယ်ဆင်ဘော့မြို့တွင် မွေးဖွားခဲ့သော တိုက်စစ်မှူး လာဆင်သည် မွေးရပ်မြေရှိ ဟယ်ဆင်ဘော့ကလပ်၌ ပြန်လည်ကစားရန်အတွက် အိုးထရက်ဖို့ဒ်မှ မကြာမီ ထွက်ခွာတော့မည်၊ လာဆင်၏ အပြန်ခရီးကား အောင်မြင်မှုများစွာဖြင့်သာ ဖြစ်ပါကြောင်း...။

(ကိုးကား-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ချယ်လ်ဆီးအသင်း တော့တင်ဟမ်နှင့်သရေကျ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မတ် ၁၂

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် စတမ်းဖို့ဒ်ဘရစ်၌ အိမ်ရှင်ချယ်လ်ဆီးအသင်းနှင့် တော့တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးတို့ မိနစ် ၇၀ အကျော်တွင် နှစ်ဂိုးထပ်မံချေပလိုက်နိုင်၍ ပြန်ကန်ပွဲကန်ခွင့် ရရှိသွားခဲ့သည်။

တော့တင်ဟမ် အသင်းသည် ချယ်လ်ဆီးကွင်းတွင် လာရောက်ကစားရသော်လည်း ပွဲစပြီး ငါးမိနစ်မှာပင် ဘာဘာတော့ဗ်က ဖွင့်ဆော်ဦးဂိုးသွင်းပြနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက် ချေပဂိုးသွင်းပြီး လမ်းပတ် ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

သို့သော်လည်း ပွဲချိန် ၂၂ မိနစ်တွင် မိုက်ကယ်ဘောလက် ကန်သွင်းသည့်ဘောလုံး ပြန်ထွက်လာစဉ် လမ်းပတ် ကန်သွင်းနိုင်၍ ချယ်လ်ဆီးတို့ ချေပဂိုးရရှိခဲ့သည်။ ယင်းဂိုးသွင်းပြီး ခြောက်မိနစ်အကြာ ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်ဆီယံကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ တော့တင်ဟမ်တို့ ဦးဆောင်ဂိုး ပြန်လည်ရရှိခဲ့သည်။ တော့တင်ဟမ်တို့ ယင်းဦးဆောင်ဂိုးဖြင့် ဖိကစားခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင် ဟော့ဆန်ဂါလီက တော့တင်ဟမ်အသင်းအတွက် တတိယမြောက် ဂိုးအဖြစ် ဖန်တီးနိုင်ခဲ့သည်။

ချယ်လ်ဆီးအား တော့တင်ဟမ်က ပွဲချိန်မိနစ် ၇၀ အထိ ဂိုးပြန်မပေးရရေးအတွက် ပိတ်ဆို့ကစားနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၁ မိနစ်တွင် လမ်းပတ်၏ အနီးကပ် ကန်သွင်းဂိုးနှင့် ကာလူး၏ ပွဲသိမ်းဂိုးကြောင့် ချယ်လ်ဆီးတို့သုံးဂိုး-သုံးဂိုးဖြင့် သရေပွဲဖြစ်ခဲ့ရသည်။

ချယ်လ်ဆီးနည်းပြက ပြိုင်ပွဲမတိုင်မီက ပြန်ကန်ပွဲ မကန်လိုကြောင်း ပြောကြားထားသော်လည်း နောက်တန်းအဓိက ကစားသမားများဖြစ်သည့် မက်ခီလီလီနှင့် အသင်းခေါင်းဆောင် ဂွန်တယ်ရီတို့ မပါဝင်ခဲ့၍ နောက်တန်းကျိုးပေါက်ကာ ဂိုးများ စောစီးစွာ အသွင်းခံခဲ့ရသည်။ ယင်းတို့နှစ်သင်းသည် မတ် ၁၈ ရက်တွင် ပြန်ကန်ရမည်ဖြစ်သည်။

ဘလက်ဘန်း-မန်စီးတီး

ဘလက်ဘန်းအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကြရာတွင် ဘလက်ဘန်းတို့ အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘလက်ဘန်းအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို မိုကိုနာက ပွဲချိန် ၂၈မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၆၉ မိနစ်တွင် ၎င်းသည် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ပွဲချိန်မိနစ် ၉၀ပြည့်ချိန်တွင် ဒီဘိုင်ရှရီက ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့၍ ဘလက်ဘန်းတို့အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ပလိုင်းမောက်-ဝက်ဖို့ဒ်

ပလိုင်းမောက်နှင့် ဝက်ဖို့ဒ်တို့ပွဲတွင် ဝက်ဖို့ဒ်တို့က ၄း၂း၄ ပုံစံဖြင့် ရှေ့တန်းတွင် တွမ်မီစမစ်၊ သောမတ်ပရစ်စကင်၊ စတီဗင်ကာဗာနှင့် ဘောရာဇာတို့ကိုထားပြီး ကစားစေခဲ့သော်လည်း ပလိုင်းမောက်နောက်တန်းကို မထိုးဖောက်နိုင်ခဲ့ချေ။ သို့သော် ဝက်ဖို့ဒ်တို့ အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့ရာမှ ပွဲချိန် ၂၁မိနစ်တွင် တိုက်စစ်မှူး ဘောရာဇာက တစ်လုံးတည်းသော အဖွင့်ဂိုးနှင့် အနိုင်ဂိုးကို သွင်းယူပေးခဲ့သဖြင့် ဝက်ဖို့ဒ်တို့ အဝေးကွင်း၌ နိုင်ကာ အကြိုဗိုလ်လုပွဲ တက်နိုင်ပြီး ဖြစ်သည်။ **(အင်တာနက်)**

အင်တာမီလန်၏ ရှုံးပွဲမရှိစံချိန် အေစီမီလန် ရပ်တန့်နိုင်ခြင်းမရှိ

မီလန် မတ် ၁၂

အီတလီစီးရီးအေပွဲစဉ် (၂၈)ပြိုင်ပွဲများကို မတ် ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော အင်တာမီလန်အသင်းသည် အိမ်ကွင်း၌ အေစီမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်၍ ရှုံးပွဲမရှိစံချိန်ကို အင်တာမီလန်တို့ ဆက်လက်တင်ထားနိုင်ခဲ့သည်။

နှစ်သင်းစလုံး ပွဲစသည်နှင့်အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲချိန် မိနစ် ၄၀ အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ရှိသည်။ သို့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် ရီးရဲမက်ဒရစ်မှ မကြာမီက ပြောင်းလာသော ရော်နယ်ဒိုက အေစီမီလန်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုး

ဒုတိယပိုင်း ပြန်စချိန်တွင် အိမ်ရှင် အင်တာမီလန်တို့ တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၅၄မိနစ်တွင် ခရစ်စ်ဇ်က အင်တာမီလန်အသင်းအတွက် ချေပဂိုး သွင်းယူပေးလိုက်သည်။

အနိုင်ဂိုး

တစ်ဖက် တစ်ဂိုးစီ ဖြစ်နေချိန်တွင် အင်တာမီလန်တို့ တိုက်စစ်အားပို၍ကောင်းလာပြီး ပွဲချိန် ၇၅ မိနစ်တွင် အီဘရာဟင်မိုဗစ်ချ်က အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးသွင်းယူသွားခဲ့သည်။

ဆက်လက်ဦးဆောင်

ယင်းအနိုင်ပွဲကြောင့် အင်တာမီလန်တို့ ၂၇ ပွဲကစား၊ ၂၃ ပွဲနိုင်၊ လေးပွဲသရေဖြင့် ရမှတ် ၇၃ မှတ်ရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယနေရာမှ ရိုးမားအသင်းသည် ၅၄ မှတ်သာ ရရှိနေသေးသည်။

အင်တာမီလန်မှ အီဘရာဟင်မိုဗစ်ချ် (ယာ)၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

အတ္တလန္တာ	၁-၁	ပါမား
ချီယေဗို	၁-၁	မက်ဆီနာ
အမ်ပိုလီ	၂-၂	လီဗော်နို
ပါလာမို	၁-၁	ဖီအိုရင်တီးနား
ရက်ဂျီးနား	၂-၃	လာဇီယို
ဆီနာ	၀-၁	အက်စ်ကိုလီ
တိုရီနို	၁-၀	ကာတန်နီယာ။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

*** မတ် ၁၀ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော စပိန်လာလီဂါပွဲစဉ်တွင် ဘာစီလိုနာတို့ ရီးရဲမက်ဒရစ်အသင်းအား သုံးဂိုး-သုံးဂိုးဖြင့် သရေပွဲကစားခဲ့ရာတွင် အာဂျင်တီးနားလူငယ် တိုက်စစ်မှူး မက်ဆီက ဟတ်ထရစ် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။**

* စင်ကာပူ မာစတာဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဝမ်းချောင်သည် မလေးရှားမှ အိုင်စတီးလ်နှင့်အတူ ကျင်းပိုကစားခဲ့ပြီးနောက် ဖလားဆွတ်ခူးနိုင်ခဲ့သည်။

*** ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဂျိုးလ်ကိုးလ်သည် ဧပြီ ၄ ရက်တွင် ဗလင်စီယာအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ပြန်လည်ပါဝင်ကစားနိုင်လိမ့်မည်ဟု ချယ်လ်ဆီးကလပ်က ပြောကြားသည်။**

* မန်ယူအသင်းမန်နေဂျာ ဖာဂူဆန်သည် အနည်းဆုံး နှစ်ရာသီ မန်ယူအသင်းကို ဆက်လက်ကိုင်တွယ်သွားရန် ရည်ရွယ်ထားကြောင်း ကလပ်အသင်းက သတင်းထုတ်ပြန်လိုက်သည်။

*** လာမည့် မတ် ၁၇ ရက်တွင် အမေရိကန်နိုင်ငံ လပ်ဗီဂတ်စ်မြို့၌ စီလီစတီနိုနှင့် ရီကာဒိုကာစကီလိုတို့ ကမ္ဘာ့လက်ဝှေ့ကောင်စီ ဖဲလ်သာဝိတ်ချန်ပီယံလုပွဲအဖြစ် ထိုးသတ်ကြမည်ဖြစ်ကြောင်း ကမ္ဘာ့လက်ဝှေ့ကောင်စီက သတင်းထုတ်ပြန်ထားသည်။**

* ပစိဖိတ်လိုက်ဖ် အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပတ်လည်ပွဲတွင် အင်ဒရီမူရေးက တောင်အာဖရိက တင်းနစ်သမား ဝက်စလေမိုဒိုင်းအား ၆-၃၊ ၆-၃ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။

*** ပြင်သစ်နိုင်ငံပါရီမြို့တွင် ကျင်းပလျက်ရှိသည့် အမျိုးသား စက်ဘီးစီးပြိုင်ပွဲတွင် ဗြိတိန်နိုင်ငံမှ ဒေးဗစ်မီလာက ၄ဒသမ၇ ကီလိုမီတာကို ခြောက်မိနစ်၊ တစ်စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး ချက်စက်ဘီးစီးသမား ရိုမန်ခရိုဇီဂါက ဒုတိယနှင့် ပြင်သစ်မှ စီဂတ်စတိန်းဂျိုလီက တတိယ ရရှိခဲ့ကြောင်း သိရသည်။**

(အင်တာနက်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယ OVL ကုမ္ပဏီမှ တာဝန်ရှိသူများတွေ့ဆုံ

နေပြည်တော် မတ် ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra နှင့် အိန္ဒိယသမ္မတနိုင်ငံ OVL ကုမ္ပဏီမှ MD, Mr. R.S. Butola တို့ ဦးဆောင်သောအဖွဲ့သည် မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ မတ် ၁၄ ရက်၌ စတင်ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး ကိုထွေး

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို မတ် ၁၄ ရက် ညနေ ၃ နာရီမှစတင်၍ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ဘောလုံးပြိုင်ပွဲတွင် အဆင့်မြင့်တန်းမှ ၁၄ သင်း၊ ပထမတန်းမှ အတန်းတက်ခွင့် ရရှိထားသော တပ်မတော်(ကြည်း)အသင်း စုစုပေါင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မဲနှိုက်ရေးဆွဲ

၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲအတွက် ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။ ပထမတန်းမှ အတန်းတက်ခွင့်ရရှိထားသော Royal Eleven အသင်း ပါဝင်ယှဉ်ပြိုင်ခြင်း မရှိ၍ ပို့ဆောင်ရေးအသင်း ဘိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစားရမည်

ပွဲစဉ်ရေးဆွဲထားမှုအရ မတ် ၁၄ ရက်တွင် ပြည်ထဲရေးအသင်းနှင့် ကမ္ဘောဇအသင်း၊ မတ် ၁၅ ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့် တပ်မတော်(ကြည်း) အသင်း၊ မတ် ၁၆ ရက်တွင် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ မတ် ၁၇ ရက်တွင် လျှပ်စစ်စွမ်းအားအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ မတ် ၁၉ ရက်တွင် စွမ်းအင်အသင်းနှင့် မြန်မာ့မီးရထားအသင်း၊ မတ် ၂၀ ရက်တွင် ဆောက်လုပ်ရေးအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ မတ် ၂၁ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ချီးမြှင့်မည်

ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၂၂ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဧပြီ ၇ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆုကြေးအဖြစ် ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆုကျပ်သိန်း ၂၀၊ တတိယဆု ကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်သည်။

အုပ်စုနှစ်စု

ပြိုင်ပွဲဝင်အသင်းများကို ပွဲစဉ် မဲနှိုက်ရေးဆွဲရာတွင် အပေါ်အုပ်စုနှင့် အောက်အုပ်စုဟူ၍ အုပ်စုနှစ်စုခွဲခြားထားရာ အပေါ်အုပ်စုမှ အသင်းများနှင့် အောက်အုပ်စုမှ အသင်းများသည် နောက်ဆုံးဗိုလ်လုပွဲစဉ်၌သာ ဆုံတွေ့နိုင်မည်ဖြစ်သည်။ အပေါ်အုပ်စုတွင် ပြည်ထဲရေး၊ ကမ္ဘောဇ၊ စီးပွား/ကူးသန်း၊ တပ်မတော်(ကြည်း)၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း၊ မြို့တော်စည်ပင်၊ လျှပ်စစ်စွမ်းအားနှင့် လယ်ယာ/ဆည်မြောင်းတို့ ပါဝင်ကြသည်။ အောက်အုပ်စုတွင် စွမ်းအင်၊ မြန်မာ့မီးရထား၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာ/အခွန်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ သစ်တောရေးရာနှင့် ပို့ဆောင်ရေးတို့ ပါဝင်ကြသည်။

ပြီးဆုံးသွား

၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး (မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲ မတ် ၇ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲများအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၃၄ မှတ်ဖြင့် ပထမ၊ ကမ္ဘောဇအသင်းက ၃၂ မှတ်ဖြင့် ဒုတိယ၊ စီးပွား/ကူးသန်းအသင်းက ၂၆ မှတ်ဖြင့် တတိယရရှိကြသည်။

ရရှိကြ

မြို့တော်စည်ပင်အသင်းက ၂၂ မှတ်ဖြင့် အဆင့် ၄၊ ပြည်ထဲရေးအသင်းက အမှတ် ၂၀ ဖြင့် အဆင့် ၅၊ ပို့ဆောင်ရေးအသင်းက ၁၈ မှတ်ဖြင့် အဆင့် ၆၊ မြန်မာ့မီးရထားအသင်းက ၁၈ မှတ်ဖြင့် အဆင့် ၇၊ စွမ်းအင်အသင်းက ၁၆ မှတ်ဖြင့် အဆင့် ၈၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၆ မှတ်ဖြင့် အဆင့် ၉၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ၁၃ မှတ်ဖြင့် အဆင့် ၁၀၊ ဆောက်လုပ်ရေးအသင်းက ၁၂ မှတ်ဖြင့် အဆင့် ၁၁၊ သစ်တောရေးရာအသင်းက ၁၀ မှတ်ဖြင့် အဆင့် ၁၂၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းအသင်းက ခြောက်မှတ်ဖြင့် အဆင့် ၁၃၊ လျှပ်စစ်စွမ်းအားအသင်းက လေးမှတ်ဖြင့် အဆင့် ၁၄ ရရှိကြသည်။

အတန်းဆင်းရမည်

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းအသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့သည် ယခုနှစ် ဘောလုံးရာသီတွင် ပထမတန်းမှ အတန်းတက်လာခြင်းဖြစ်ရာ အဆင့်မြင့်တန်း၌ ဘောလုံးရာသီတစ်ခုသာရပ်တည်နိုင်ပြီး လာမည့်ဘောလုံးရာသီ၌ ပထမတန်းသို့ ပြန်လည်အတန်းဆင်းရမည်ဖြစ်သည်။ အဆင့်မြင့်တန်း အမှတ်ပေးပွဲစဉ်များ၌ အဝါကတ်နှစ်ကြိမ်နှင့် အနီကတ်ထိပြီး ပွဲပယ်ပြစ်ဒဏ် ကျန်နေသူများအား အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲ၌ ဆက်လက်အရေးယူသွားမည်ဖြစ်သည်။

အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ပွဲစဉ်များသည် ရှုံးထွက်ပွဲစဉ်များဖြစ်သည်နှင့်အညီ ပွဲစဉ်တိုင်း ပွဲကောင်းများကြည့်ကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၃-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၅	၆။	**"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၂၅	၇။	တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၁၇:၃၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၂။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ငါးသိုင်းချောင်းမှ ဝါးထည်အလှ)
၁၉:၀၀	၁၃။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၃)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၃၁)

ဘရူနိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ မြန်မာ ဒုတိယရရှိ

ရန်ကုန် မတ် ၁၂

၂၀၀၇ ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘဂဝမ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာလူငယ် ဘောလုံးအသင်းက ထိုင်းလူငယ်အသင်းကို ပယ်နယ်တီဂိုး လေးဂိုး-ငါးဂိုးဖြင့် ရှုံးနိမ့်ပြီး ဒုတိယရရှိသွားသည်။ **(သတင်းစဉ်)**

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၁၂

ပဲခူးတိုင်း ပဲခူးမြို့ မမာန်းရပ်ကွက် ခေမာဇေယျလမ်း၌ မတ် ၁၁ရက် နံနက်၁၁ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အိမ်လေးလုံးမီးလောင်ဆုံးရှုံးခဲ့သဖြင့် အိမ်ထောင်စုလေးစု အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရကြောင်း၊ တာဝန်ရှိသူများက ဆန်၊ ဆီနှင့် အခြားလိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် သီရိမင်္ဂလာလမ်းသွယ်၌ မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ရာ အဆိုပါအိမ်၏ အပေါ်ထပ်အပိုင်းနှင့် အတွင်းပစ္စည်းအချို့မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်မီရောက်ရှိပြီး မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် မီးလောင်ဆုံးရှုံးမှုများပြားခြင်း မရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KMD (သိမ်ကြီးဈေး) Computer Centre
:: I-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခင်မီမီကျော် ၁၂/မဘန(နိုင်)၁၀၀၄၄၅ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်-၆၆၄၉၃၆သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၆၂၀၅၆၈။**

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေး စီမံခန့်ခွဲမှုလက်မှတ်ရ
ဦးသာရင် ၏ သွက်ချာပါဒလေငန်းဆေးကျော် (ဆေးမှုန့်)

မော်လမြိုင်ကျွန်းမြို့မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ကြိုဆိုပင့်ဆောင်၊ မြို့တစ်ပတ်လှည့်လည် အပူဇော်ခံ

မော်လမြိုင်ကျွန်း မတ် ၇

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဘွဲ့တံဆိပ်ရရှိတော်မူသော ဆရာတော်သုံးပါးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကြိုဆိုပင့်ဆောင်ပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ ရေယာဉ်ပိုင်ရှင်များအသင်း အကြိုတော်ဆိပ် ဆိပ်ကမ်းတံတား၌ ကျင်းပသည်။

ယင်းကြိုဆိုပင့်ဆောင်ပွဲတွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်ရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မော်လမြိုင်ကျွန်းမြို့ မဇ္ဈိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စိန္တ တာလင်္ကာရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ ကျွမ်းခယ်မကျေးရွာ ရတနာမုန်ကျောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇာနန္ဒာဘိဝံသနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ မော်လမြိုင်ကျွန်းမြို့ ပုညကာရီ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဇာဂရတို့အား အကြိုတော် ဆိပ်ကမ်းတံတားမှနေပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်နှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များ၊ ဂေါပကအဖွဲ့များနှင့် မြို့မ (၁၃)ရပ်ကွက်မှ ပြည်သူများက ကြိုဆိုပင့်ဆောင်ကြပြီး မြို့တစ်ပတ်လှည့်လည် အပူဇော်ခံကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဘွဲ့တံဆိပ်ရရှိတော်မူသော ဆရာတော်များနှင့် သံဃာတော်များအား ပဇ္ဈိမာရုံစာသင်တိုက်တွင် အလှူရှင်များက ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(ဓဇ၇)**

ကြို့ပင်ကောက်မြို့ အမှတ် ၈၇ သစ်စက်တွင် ဖေဖော်ဝါရီ ၁၆ ရက်က မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ်၈၇ သစ်စက် မန်နေဂျာ ဦးအောင်သိန်း ဦးဆောင်သော သစ်စက် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ကြစဉ်။ (ဝ၄ဝ)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းရယ်မြို့တွင် နွေစပါးနှင့်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး စီမံကိန်းပြည့်မီအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းရေး ညှိနှိုင်း

မိုင်းရယ် မတ် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်၏ ၂၀၀၇ခုနှစ် နွေစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းပြည့်မီအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ၂၀၀၇ခုနှစ် နွေစပါး စီမံကိန်း ၉၁၂ဧကနှင့် ခြံစည်းရိုး ကြက်ဆူပင်လျာထားသတ်မှတ်ဧက ၂၀၀၀ကို လက်တွေ့စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးအတွက် နယ်မြေခုနစ်ခု စိုက်တိုးမြှင့်အဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်း၍ ကွင်းဆင်း၊ စည်းရုံး၊ ပညာပေး လက်တွေ့ပြသကြီးကြပ် ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ် ညှိနှိုင်းဆွေးနွေးကြသည်။

နွေစပါးကို ရေရရှိသည့် လယ်မြေများတွင် လက်တွေ့ဖြစ်ထွန်း အောင်မြင်ရန်စိုက်ပျိုးရေး၊ စိုက်စနစ် မှန်ကန်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေး၊ ခြံစည်းရိုး ကြက်ဆူပျိုးပင်များ လုံလောက်စွာရရှိရန် ပျိုးဥယျာဉ်ကြီးများကို လွယ်ငင်း၊ ဟိုယ၊ မြို့မ၊ မန်စန့်၊ မန်ပုံ၊ မန်ဖျက်၊ မိုင်းဟမန်မုံ ဒေသများတွင် စုပေါင်းတည်ထောင် ပျိုးထောင်ရေး၊ မျိုးစေ့ဖြင့်လည်းကောင်း၊ အပင်ပေါက်ဖြင့်လည်းကောင်း၊ ကိုင်းဖြတ် ပျိုးထောင်ခြင်းဖြင့်လည်းကောင်း၊ စနစ်တကျပျိုးထောင်ကြရေး၊ ရုံး၊ ကျောင်း၊ နေအိမ်၊ အဆောက်အအုံ၊ ကျေးရွာ၊ လယ်ယာနှင့်လမ်းများ ဝဲယာဝန်းကျင်မှစ၍ မြေလွတ်၊ မြေလတ်၊ မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးခြင်း အပါအဝင် စည်းရိုးပုံစံ၊ သီးသန့်စိုက်ခင်း၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် ပေါင်းမြက်ချုံနွယ်ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ ပန္နက်ငုတ်စိုက်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ရန်ပြုစုခြင်း လုပ်ငန်းများကို မြို့နယ်ဥက္ကဋ္ဌဦးမြင့်တင်၊ အတွင်းရေးမှူးဦးသန့်ဇင်၊ အဖွဲ့ဝင် ဒုတိယရဲမှူးမြင့်သိန်း၊ စိုက်ပျိုးရေးမန်နေဂျာ ဦးကိုလေး၊ မြေစာရင်းဦးစီးမှူး ဦးထွန်းအေးကျော်၊ သစ်တောဦးစီးမှူးဦးဝင်းလှိုင်၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးကြည်မျိုးဝင်းတို့ ဦးစီး၍ ကွင်းဆင်း ဆောင်ရွက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂၂ ရက်က ဘိုကလေးမြို့ အောင်သပြေဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ဟောပြော စစ်ဆေးခြင်းများကို မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူးဦးအေးကြည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမြင့်ဆန်း(ဈေး)နှင့် ဝန်ထမ်းများ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး တိုင်းရင်းသားရိုးရာ မုန့်ရောင်းပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၂၈

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ မုန့်ရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့ မြို့တော်ခန်းမဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်က တိုင်းရင်းသားရိုးရာ မုန့်ရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မကွေးတိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ဌာနဆိုင်ရာများက တိုင်းရင်းသားရိုးရာ အစားအစာနှင့် မုန့်များရောင်းချမှု အခြေအနေကို လိုက်လံကြည့်ရှု အားပေးကြသည်။

အလားတူ မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားဒေသထွက် အဝတ်အထည်ဖြင့် ဝတ်စားဆင်ယင်မှုပြပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်က တိုင်းရင်းသား ဒေသထွက် အဝတ်အထည်များဖြင့် ဝတ်စားဆင်ယင်မှုပြပွဲတွင် ပါဝင်ပြသခဲ့ကြသော တိုင်းရင်းသူလေးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ရာ တိုင်းရင်းသူလေးများကိုယ်စား မကွေးပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့်က လက်ခံရယူကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၄ ရက်က ထားဝယ်မြို့ ဘဝပင်ကျေးလက်တံတား တည်ဆောက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင် စာမေးပွဲ စည်းကမ်းချက်များ မြန်မာနိုင်ငံစာစစ်အဖွဲ့ မန္တလေးမြို့၌ရှင်းလင်း

မန္တလေး ဖေဖော်ဝါရီ ၂၀

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့၏ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ လုပ်ငန်းဆောင်ရွက်ရန်နှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ရက်က မန္တလေးမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ ဆွေးနွေးပွဲ ဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၃နာရီက ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး တက်ရောက်လာကြသော အထက်မြန်မာပြည် ပြည်နယ်နှင့်တိုင်းရှိ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများက တက္ကသိုလ်ဝင် စာမေးပွဲကျင်းပရေး ကိစ္စရပ်များကို တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို စီမံဆောင်ရွက်ပေးသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ စုစုပေါင်း ၁၇၂ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။ **(ပညာရေး)**

တပ်ကုန်းစာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

တပ်ကုန်း မတ် ၅

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှက အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အလုပ်အမှုဆောင် ဦးတင်ထွန်းတာကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို အဖွဲ့အတွင်းရေးမှူး ဦးမောင်ပုကလည်းကောင်း ဖတ်ကြားရာ အဖွဲ့ဝင်ဦးထွန်းလက် (ထွန်းလက်-တပ်ကုန်း)၊ ဦးကျော်ဝင်း (ခက်ပန်ကျော်-တပ်ကုန်း)နှင့် မသင်းသင်းလှိုင် (သင်းသင်းလှိုင်-တပ်ကုန်း)တို့က အကြံပြု ဆွေးနွေးကြသည်။

အဖွဲ့ဝင်များ၏ အကြံပြုချက်များကို အဖွဲ့အတွင်းရေးမှူးက ပြန်လည်ဖြေကြားပြီး အလုပ်အမှုဆောင်အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းများကို အတည်ပြုကြသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

နှစ်ဖက်မိဘများနှင့် ဘိုးဘွားများအား ရည်စူး၍ ရန်ကုန်တိုင်းကမာရွတ် မြို့နယ် သံလွင်လမ်းနေ ဦးခင်မောင်ရီ-ဒေါ်တင်တင်မြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ရအား သုမေ္မာပရိယတ္တိ ပထမပြန်စာမေးပွဲအသင်းဂုဏ်ပြုပူဇော်

ညောင်တုန်း ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် ဆက်ကပ်ချီးမြှင့်ခြင်းခံရသော အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသြဘာသာဘိဝံသအား မြန်မာနိုင်ငံလုံးဆိုင်ရာ သုမေ္မာပရိယတ္တိ ပထမပြန်စာမေးပွဲအသင်းကကြီးမှူးကျင်းပသော ဂုဏ်ပြုပူဇော်ပွဲကို ဖေဖော်ဝါရီ၁ရက် ည၇နာရီက ညောင်တုန်းမြို့ ပထမပြန်စာမေးပွဲ တရားဟောမဏ္ဍပ်တွင် ကျင်းပသည်။(အပေါ်ပုံ)

အခမ်းအနားတွင်အသင်းစာရင်းစစ် ဦးကျော်နိုင်က ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ လျှောက်ထားပြီး ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် အနုမောဒနာ စာတမ်းလွှာကို လျှောက်ထားပြီး ပထမပြန်စာမေးပွဲအသင်းဥက္ကဋ္ဌ ဦးကြည်က ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းအကြောင်းကို လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဦးဟံထွန်းက ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို လည်းကောင်း၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးသန်းဆိုင်က ဂုဏထောပနာစာတမ်းကိုလည်းကောင်း ဖတ်ကြားလျှောက်ထားကြသည်။

ထို့နောက်(၈၄)ကြိမ်မြောက် သုမေ္မာပရိယတ္တိ ပထမပြန်စာမေးပွဲအသင်းကြီးနှင့်စေတနာရှင် ကုသိုလ်ရှင်များက ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဂုဏ်ပြုဆက်ကပ်ပူဇော်ခဲ့ကြသည်။

ထို့နောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ဈေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသြဘာသာဘိဝံသက ပဋိသန္ဓာရစကား မိန့်ကြားပြီး ဒဂုံပရိယတ္တိစာသင်တိုက်မှ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏနန္ဒက ရေစက်ချတရား ဟောကြားပြီး ရေစက်ချအမျှအတန်း ပေးဝေခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မီးကြွင်း မီးကျန် မရှိရန် အစဉ် သတိ အမြဲရှိ

သဲအင်းဂူ ဝိပဿနာတရားစခန်းပွဲ ပန်းတနော်မြို့ အင်းမကျေးရွာ၌ ကျင်းပမည်

ပန်းတနော် မတ် ၂

ပန်းတနော်မြို့နယ် အင်းမကျေးရွာ မဟာန္တာရုံ သံကျိုးတိုင်ကျောင်းတိုက်၌ (၂၉)ကြိမ်မြောက် သဲအင်းဂူဝိပဿနာ အဓိဋ္ဌာန်တရား စခန်းပွဲကို ၁၃၆၈ခု တန်ခူးလပြည့်ကျော် ၁ရက်မှ ၁၀ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ မူလ သဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ရန်ကုန်မြို့ ကျိုက်ဝိုင်းဆရာတော် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ မုနိန္ဒရနှင့် ဘဒ္ဒန္တ ဝိရိယ(ဓမ္မာစရိယဝိနယ)၊ ဘဒ္ဒန္တ စိန္တာမယ(ရွှေခိုင်ပြည်) ဆရာတော်တို့က ခန္ဓာကိုယ်တွေ့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားများကို ဟောကြားချီးမြှင့်မည်ဖြစ်ရာ အဓိဋ္ဌာန်ဝင်လိုသူများသည် (၁၃၆၈ခု တန်ခူးလပြည့်နေ့)တွင် မဟာန္တာရုံကျောင်းသို့ လာရောက်ကြရန်နှင့် ဆွမ်းအစရှိသော အာဟာရဒါနတို့အား အဖွဲ့ကတာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၃၂၇)**

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်က ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသည့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြပွဲ၊ ပဒေသာကပွဲနှင့် ဆံကေသာအလှပြိုင်ပွဲတွင် ဆံကေသာအလှ ပထမဆုရရှိသော ဆီဆိုင်မြို့မ မြကန်သာရပ်ကွက်မှ မစောသူဇာဝင်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီက ဆုချီးမြှင့်စဉ်။ (ဝ၄၈)

နွေစပါးစုပေါင်းထွန်းယက်စိုက်ပျိုးပွဲ သရက်ချောင်း၌ ကျင်းပ

သရက်ချောင်း ဖေဖော်ဝါရီ ၂၈

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကင်းရှေ့နှင့် စော်ဖျားကျေးရွာအုပ်စု နွေစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၇ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ကြပ်အဖွဲ့ဝင် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်လှနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ကြပ်အဖွဲ့၊ ကျေးရွာတောင်သူများနှင့် တာဝန်ရှိဝန်ထမ်းများ တက်ရောက်ကြသည်။

ယင်းနွေစပါး စိုက်ပျိုးပွဲတွင် ကင်းရှေ့နှင့်စော်ဖျား ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများက ကင်းရှေ့ကျေးရွာတွင် နွေစပါးဧက ၆၀ နှင့် စော်ဖျားကျေးရွာတွင် ဧက ၆၀ စုစုပေါင်း နွေစပါးဧက ၁၂၀ တို့ကို ကျွဲ၊ နွားများဖြင့်လည်းကောင်း၊ ထွန်စက်များဖြင့် လည်းကောင်း စုပေါင်းထွန်ယက်စိုက်ပျိုးခဲ့ကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးရေး မန်နေဂျာတို့က အားပေးခဲ့ကြသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်

ပလောက် မတ် ၂

မြိတ်ခရိုင် ပလောက်မြို့တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က အမှတ်(၁)ရပ်ကွက် ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးခင်ထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင် ပျိုးအိတ်တစ်သောင်းတစ်ထောင့်နှစ်ရာကို စုပေါင်းပျိုးထောင်ကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့၌ နောင်ကျောက်လမ်းကတ္တရာခင်း

ကျိုင်းတုံ မတ် ၅

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နောင်ကျောက်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းနှင့် မြို့နယ်အမှုဆောင်အရာရှိဦးခင်ကျော်တို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လောင်းလုံးမြို့နယ် အောက်ကျောက်ဝပ်ကျေးရွာအုပ်စု ညောပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖေဖော်ဝါရီ ၃ရက်က ကျေးရွာဥက္ကဋ္ဌ ဦးသန်းလွင်နှင့် မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဦးစိုးထိုက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
(ဓာတ်သတ္တု ပြည်ပရောင်းချရေးဌာနခွဲ)

အောက်ပါပစ္စည်းများကို ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ **ပစ္စည်းအမျိုးအမည်နှင့် တန်ချိန်** - Nickel Speiss 72 Mts
၂။ **DELIVERY** - FOB (Namtu)
၃။ **PRICING** - FIXED PRICE IN EURO
၄။ **PAYMENT** - 100% Full amount by Telegraphic Transfer(T.T) to MFTB not later than (20)days after acceptance of the offer
၅။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၂၈-၃-၂၀၀၇ရက် မွန်းတည့် ၁၂:၀၀နာရီ
၆။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၉၃၈၁၊ ၀၆၇-၄၀၉၃၈၃နှင့် ၀၁-၅၁၂၈၉၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊
သတ္တုတွင်းဝန်ကြီးဌာန။

ရန်ကုန်ဂေါက်အသင်း ကြေညာချက်

ရန်ကုန်ဂေါက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၇ခုနှစ် မတ်လ ၃၁ရက် (စနေနေ့) နံနက် ၁၀း၀၀နာရီ အချိန်တွင် ရန်ကုန်ဂေါက်အသင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အတွင်းရေးမှူး
ရန်ကုန်ဂေါက်အသင်း။

KIS ကားငှားလုပ်ငန်း
Pajero, Double Cub, Saloon
လချုပ် အမြန်ငှားလိုသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း - ၂၉၃၂၉၄၊ ၀၉-၅၀-၀၂၄၄၀၊ ၀၉-၅၁-၃၄၇၇၈၊ ၄၄-၁၂၁၈၁။

ဆရာဦးရွှေမြ

အလုံးအကျိတ်အနာပေါက်အမျိုးမျိုး၊ ဂရင်ဂျီနာလိပ်ခေါင်းရောဂါများကို ဆေးကုသပေးနေပါတယ်။

အမှတ်(၉)၊ မင်းလမ်း၊ ဆရာစံတောင်ပိုင်းရပ်ကွက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မီး
သတိပြု

စစ်ကိုင်းမြို့နယ် ဆားတောင် စံပြရွာတွင် စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ကြီး၏ စီစဉ်မှု ဆားတောင်ဂန္ဓာမြိုင်စံပြပရဟိတဆရာတော်နှင့်သံဃာတော်များ၏ ဦးဆောင်မှုဖြင့် တည်ဆောက်လျက်ရှိသော သိန်းသုံးထောင်ကျော် ကုန်ကျမည့် ခုတင်၄၀ဆံ့ သီတဂူ ဗြဟ္မာယုဆေးရုံ အမြန်ပြီးစီးနိုင်ရေးအတွက် ဦးဌေးမောင်-ဒေါ်သန်းသန်းဌေး၊ သား မောင်တင်ထွန်းအောင်၊ သမီး မနှင်းသီတာ၊ မဝေဝေမောင်မိသားစု အင်းလျားရိပ်သာလမ်း မရမ်းကုန်းမြို့နယ်က ငွေကျပ်သုံးသိန်းကို ဆေးရုံဖြစ်မြောက်ရေး အကျိုးတော်ဆောင်ချုပ် ဆရာတော်ဘဒ္ဒန္တ နန္ဒာသဘ (ဓမ္မကထိကဗဟုဇနဟိတဓရ)၏ ရှေ့မှောက်တွင်လှူဒါန်းရာ အကျိုးတော်ဆောင် ဦးဌေးမောင် (ရန်ကုန်)က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျိုက်ထို ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံဖွင့် ရုပ်မြင်သံကြား၊ ပရိဘောဂနှင့် စာအုပ်မျိုးစုံလှူဒါန်း

ကျိုက်ထို ဖေဖော်ဝါရီ ၂၀

သထုံခရိုင် ကျိုက်ထိုမြို့နယ် ကော့ဘိန်းစံပြကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာပျိုးခင်းကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံကို မြို့နယ် အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိုးညွှန့်နှင့်ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးဝမ်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ် အတွင်းရေးမှူး ဦးကျော်စိုးပိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးကို ရှင်းလင်း ပြောကြားကာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝမ်ကြည်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ပြောကြားသည်။

အဆိုပါစာကြည့်တိုက်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၄ လက်မ ရုပ်မြင်သံကြား ပြစက်တစ်လုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၂၀နှင့် အလှူရှင် ၆၀တို့က ပရိဘောဂနှင့် ငွေကျပ်၁၂သိန်းကျော်တန် အဆောက်အအုံတို့ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီး အတွင်းအပြင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ဇန်နဝါရီ ၂၄ ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုံးညွန့်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးဝင်းဆွေက လိုက်လံရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးခရိုင်နှင့် မြို့နယ်မိခင်/ကလေးအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး၊ ရှေ့လုပ်ငန်းများရှင်းလင်း

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် အသင်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မန္တလေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြွေက အမှာစကား ပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မိုးမြင့်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အမှာစကား

ထို့နောက် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မိုးမြင့်က လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ **(၃၁၃)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၁၂ ရက်
၁၄-၃-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရော်ဘာပြုစုပျိုးထောင်နည်း အကြောင်း)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ဆိုင်းအဖွဲ့ဖျော်ဖြေခန်း- ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (စိတ်ခံစားမှုနှင့် အလှတရား- ရွှေပစ္စုန်)
၁၂း၃၅ ဓာတ်လမ်းပမာနားဆင်စရာ (ပြည်သူ့သားကောင်း)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မိန်းမချောလေးညာနေတယ် (တွံတေးသိန်းတန်)
(၂) မေတ္တာနုနုစေလိုသူ (ထား)
(၃) ကျမျက်ရည်မကြေညာစတမ်း (မောင်မောင်ကြီး)
၁၇း၃၀ အစာနှင့် အာဟာရ (သီးသီး)
၁၇း၄၅ သူ့လက်သံ (ပဲခူးတိုင်းမှ ဒေါ်တင်စန္ဒာဝင်း၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဩရသ-သားသမီးအခွင့်အရေး ဥပဒေ (ဦးကျော်ဇေယျ)
(၂) လူချို့ဝတ္ထု (ခင်ဆွေဦး)
၁၉း၁၅ နှောင်းခေတ်ကြေးမုံဓာတ်လမ်းစုံ (သိုင်းနယ်မှ ကျားသောင်းကျန်း)
၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် တစ်မြေထဲမှာ-၂ စီးရီး)

ပညာပေးဟောပြော

ဖေဖော်ဝါရီ ၁၈ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး(ပရဟိတ) ဂေဟာရှိ ကျောင်းသား ကျောင်းသူ ၇၀၀တို့အား မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကွင်းဆင်းကုသပြီး ကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပစဉ်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ့စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းအတွက် ဖေဖော်ဝါရီ ၁၆ရက်က နှစ်ဖက်သော မိဘများအား ဦးထိပ်ထား၍ အလှူရှင် မော်လမြိုင်မြို့ မရမ်းကုန်းရပ် အိမ်အမှတ်(၃၈၃)နေ ဒေါက်တာလှမြတ်ဦး-ဒေါက်တာကြည်ကြည်ဝင်း၊ သား အောင်မြတ်သူ၊ သမီး အေးမို့သူ မိသားစုက ငွေကျပ်လေးသိန်းငါးသောင်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

သွားလာမှု လွယ်ကူရန် လမ်းပေါက်များဖာထေး

ဖားကန့် မတ် ၁၀

ဖားကန့်မြို့နေ ပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် အမှတ်(၁) လမ်းမကြီးတစ်လျှောက် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်း ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၄ရက်က ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက် လယ်တီ(၃)လမ်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ပင်လုံတက္ကသိုလ်

ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပင်လုံတက္ကသိုလ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ် (၂၀၀၃-အပထအောင်)ဝိဇ္ဇာ/သိပ္ပံဘွဲ့စာမေးပွဲများ၊ စတုတ္ထနှစ်ဥပဒေဘွဲ့ စာမေးပွဲနှင့်ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ပင်လုံတက္ကသိုလ် ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး	=	**ကျပ် ၁၅၀၀/**
အဝေးရောက်ဘွဲ့ကြေး	=	**ကျပ် ၁၀၀၀/**
လျှောက်လွှာတင်သွင်းမည့်ရက်	=	**(၂၇-၂-၂၀၀၇)ရက်နေ့မှ (၁၈-၃-၂၀၀၇)ရက်နေ့ထိ**

မှတ်ချက်

(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော (၂ လက်မ x ၁ လက်မခွဲ) ရောင်စုံဓာတ်ပုံ သုံးပုံပူးတွဲ၍ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို ပင်လုံတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည် စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ် အထူးပြုဘာသာစသည်များကို တိကျစွာဖော်ပြ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့် ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၇) အသေးစိတ်အချက်အလက်များကို ပင်လုံတက္ကသိုလ် တယ်လီဖုန်းနံပါတ် (၀၈၁-၃၀၄၅၁/၃၀၄၅၄/၃၀၄၅၇)တွင် စုံစမ်းနိုင်ပါသည်။

မြင့်ဖိုလ်
လက်ထောက်မော်ကွန်းထိန်း
သင်တန်းရေးရာဌာန
ပင်လုံတက္ကသိုလ်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားမရုံး၌
၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

ဒေါ်တင်တင်သက် **နှင့်** ဦးနာဂါလီကွန်
တရားလို **တရားခံ**

အမှတ် ၁၄၁/၁၄၅၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးနာဂါလီကွန် (ယခု နေရပ်မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်သက်က အိမ်နှင့် မြေ အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် မတ်လ ၃၀ ရက်၊ (၁၃၆၈ခုနှစ် တန်ခူးလဆန်း ၁၃ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၀၇ ခုနှစ် မတ် ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ချယ်ရီကြည်
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
အမှတ် ၃၀၂/၃၀၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်

ဝန်ထမ်းသက်သာပိုင် ပီပီအိတ်တံဆိပ်ရိုက်စက် (၂)လုံးနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်(၁)လုံးအား မျက်မြင်အခြေအနေအတိုင်း ထုခွဲရောင်းချရန် ချိပ်ပိတ်တင်ဒါ

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ပဲခူးတိုင်း(အနောက်) လက်ပံတန်းမြို့၊ တန် (၂၅၀)ဆန်စက်ဝင်းအတွင်းရှိ နှစ်ရောင်စပ် (2 Colour) ပီပီအိတ်တံဆိပ်ရိုက်စက်တစ်လုံး၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာနဝင်းအတွင်းရှိ နှစ်ရောင်စပ် (2 Colour) ပီပီအိတ် တံဆိပ်ရိုက်စက် တစ်လုံးနှင့် လှည်းကူးမြို့နယ် မြစိမ်းရောင်စံပြဘက်စုံ စိုက်ပျိုးရေးစခန်းရှိ စပါးရိတ်သိမ်းခြွေလှေ့စက်တစ်လုံးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲ ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ ချိပ်ပိတ်တင်ဒါပေးသွင်းဝယ်ယူလိုသူများသည် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် ဝယ်ယူနိုင်ပါသည်-
(က) မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်ရုံးခွဲ (တတိယထပ်)ရှိ ဖွံ့နဆီစက်ဌာန၊ အမှတ် ၃၀၂/၃၀၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
(ခ) မြို့နယ်မန်နေဂျာရုံး၊ လက်ပံတန်းမြို့ ပဲခူးတိုင်း(အနောက်)။
(ဂ) မြို့နယ်မန်နေဂျာရုံး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖွံ့နဆီစက်ဌာနခွဲ၊ ဖုန်း-၂၇၁၅၂၉၊ ၂၈၅၃၂၀ မြို့နယ်မန်နေဂျာရုံး၊ လက်ပံတန်း၊ ပဲခူးတိုင်း (အနောက်) ဖုန်း-၀၅၃-၃၂၀၀၅၊ မြို့နယ်မန်နေဂျာရုံး၊ လှည်းကူးမြို့နယ်၊ ဖုန်း-၆၂၉၀၀၃တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တင်ဒါပိတ်ရက်- (၂၂-၃-၂၀၀၇)၊ ကြာသပတေးနေ့
(ခ) တင်ဒါပိတ်ချိန် - (၁၆:၀၀)နာရီ

တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး။



THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE
IFB NO.1(T)MCY- MOGE/PPT(2006-2007)CAP
P.O BOX 1049,YANGON
FAX NO:095-01-222964/ 222965

INVITATION FOR BIDS

1. Sealed Bids are invited by the Myanma Oil and Gas Enterprise, Yangon for the supply of:
NATURAL GAS PIPE LINE BOOSTER COMPRESSOR UNITS
2. Commencing from 7 MARCH 2007 a complete set of bidding document shall be available at the FINANCE DEPARTMENT , MYANMA OIL AND GAS ENTERPRISE, No. 604, Merchant street, Yangon or Myanma Oil and Gas Enterprise, No.6 Complex, Nay Pyi Taw, Myanmar during office hour by payment to the order of Myanma Foreign Trade Bank attesting remittance of US $ 100.00 in favour of Myanma Oil and Gas Enterprise (or) FEC 100.00 to the above office for each set of document.
3. Bids shall be accepted only from the Bidders who officially purchased the bidding document.
4. The **Bids** received shall be opened in the presence of Bidders or Representatives who choose to attend at 13:00 hours on 23 APRIL 2007 at the office of Ministry of Energy, No. 6 Complex , NAY PYI TAW, Myanmar.

MANAGING DIRECTOR
MYANMA OIL AND GAS ENTERPRISE.

ကျေးဇူးတင်ရှိပါကြောင်း

၈-၃-၂၀၀၇ ရက်တွင် ကွယ်လွန်သွားသော မကွေးမြို့ ကရဏာရှင်များအသင်း အခမဲ့ဆေးခန်း အလှူရှင် ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကျေးဇူးရှင် ဖခင်ကြီးဦးရှိန် (မကွေး) အသက် (၈၈)နှစ် နာမကျန်းဖြစ်စဉ်က ကူညီစောင့်ရှောက်ခဲ့ကြသော မကွေးမြို့ ကရဏာရှင်များအသင်း၊ အာရှတော်ဝင် အထူးကုဆေးခန်းတွင် အထူးကြပ်မတ် ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ နွေးထွေးစွာ ပြုစုခဲ့ကြသော သူနာပြုဆရာမများ၊ ကွယ်လွန်သွားချိန်တွင် လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း လာရောက်အားပေး ကူညီကြသော ပြည်တွင်း၊ ပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မကွေးမြို့နယ်အသင်း(ရန်ကုန်)၊ ဈာပနအခမ်းအနားတွင် ဝိုင်းဝန်းကူညီဆောင်ရွက် လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ လွမ်းသူ့ပန်းခြင်း ပို့ဆောင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပဲခူးခရိုင် တရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃ (အမ်)

မန်နေဂျာ **နှင့်** ဒေါ်ခင်စန်းညွန့်
မြန်မာ့စီးပွားရေးဘဏ်
ရွှေကျင်မြို့။
တရားနိုင် **တရားရှုံး**

ပဲခူးခရိုင် တရားရုံးတော်က ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၇၇ တွင် စရိတ်များအပါအဝင် ငွေ ၂၆၆၆၈၃၃/၄၇ ပြားအတွက် ဒီကရီအတည်ဇာရီပြုရာ၌ အောက်ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးသက်ဆိုင်ခြင်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၁၁ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရွှေကျင်မြို့ ပွဲကုန်းရပ်ကွက် ကွင်းအမှတ်(၅-ဘီ) မြေကွက်အမှတ်(၂၂၀)၊ ဦးပိုင်အမှတ် (၁၃၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၀ x ၃၀ x ၂၁)ပေ အောက်ထပ်ကွန်ကရစ်ခင်း၊ အပေါ်ထပ်ကျွန်းခင်း၊ အောက်ထပ်အုတ်ကာ၊ အပေါ်ထပ်အုတ်ကာ၊ ကျွန်းပျဉ်ကာ၊ သွပ်မိုး၊ (၂)ထပ်တိုက်ခံအိမ်။

ကြမ်းခင်းဈေးကျပ်သိန်း(၆၀)။
ရောင်းချမည့် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင် ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချရမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချရမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မြင့်မြင့်
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး၊
ပဲခူးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၉၇၆၉ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်သိန်း မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်)၁၃၆၆၃၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(ပုသိမ်မြို့)။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ပသ/၂၇၄၄၀ Kenbo 110 ယာဉ် လက်ဝယ်ရှိသူ ဦးလှိုင်မင်း မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်) ၁၉၈၁၁၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ပုသိမ်မြို့)။**

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ (EE-စစ်ကိုင်းခရိုင် ဆောက်လုပ်ရေး)- ဒေါ်ဆွေဆွေမြင့် (AE လမ်းဦးစီး၊ ဆောက်လုပ်ရေးရုံးချုပ်) တို့၏ဖခင် ဦးရှိန် (မကွေး)သည် ၈-၃-၂၀၀၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

စစ်ကိုင်းခရိုင်
အင်/ယာမှူး ရုံးဝန်ထမ်းများ။

သမီးအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မရတနာမြင့် ၁၂/ မလမ(နိုင်)၁၆၀၈၀၈ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်တင်မြင့်
၁၂/ဗဟန(နိုင်)၀၂၁၂၃၇။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မတ် ၁၂

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက်၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

လှိုင်သာယာ-အသုတ်(ရေကြည်) ရေဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီး တိုင်းနှစ်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလာမည်

ရန်ကုန် မတ် ၁၂

လှိုင်သာယာ-အသုတ်(ရေကြည်) 230 KV ရေဝတီမြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု အခမ်းအနားကို ရေဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာ၌ မတ် ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ တိုင်း၊ ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း၊ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်တို့ ရေဝတီ မြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုးတက်ပြောင်းလဲမှုများ ပြည်သူများကိုယ်တိုင် သိမြင်၊ ထိတွေ့ခံစားနေကြရသည့် ပကတိအခြေအနေမှန်ဖြစ် အသင်းကြီးအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲကြိုးပမ်း

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၁၃-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၃၃၀၈ ဦး ရောက်ရှိ ကျောက်မျက်အတွဲ ပေါင်း ၄၇ တွဲ ရောင်းချရ

ရန်ကုန် မတ် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျောက်မျက်ဈေးပြိုင်ခန်းမအတွင်း ဈေးပြိုင်ပေး၍ ဝယ်ယူနေကြသော ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ညနေပိုင်းတွင် ကျောက်မျက်ရတနာဈေးပြိုင်ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

အလားတူ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက မြို့တော်ဝန်

စာမျက်နှာ ၈ ကော်လံ ၁ ■